ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃စက္ကူ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 May 2023 ၁၁၀၉၁

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း (၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်း တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

ယနေ့ ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဇော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ သဘောထား ထုတ်ပြန်ချက်
စာမျက်နှာ » ၃

တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်
စာမျက်နှာ » ၃

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ
စာမျက်နှာ » ၄

ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ . . .
ဆောင်းပါး
စာမျက်နှာ » ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Shri Sarbananda Sonowal၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကျင်းပ

ပင်လယ်ရေကြောင်းလမ်း၊ ပြည်တွင်းရေကြောင်းလမ်းနှင့် မော်တော်ကားလမ်းကိုချိတ်ဆက်၍ ဘက်စုံသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ဒေသတွင်းကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်

နေပြည်တော် မေ ၉

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အိန္ဒိယနိုင်ငံဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Shri Sarbananda Sonowal၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Vinay Kumar၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

ကြေးမုံ

သဘာဝဘေးကျော်လွှားရေး အစွမ်းကုန်ကြိုးပမ်း

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ အသိပေးထုတ်ပြန်လျက်ရှိသည်။ ယခုလက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းနှင့်ပတ်သက်၍ ဖြတ်သန်းကျော်ဖြတ်မည့် အခြေအနေများသည် ခန့်မှန်းချက်များသာဖြစ်သည်။ ခန့်မှန်းချက်များမှာ အချိန်ကာလဖြစ်ပေါ်မှုများအရ အမျိုးမျိုးပြောင်းလဲသွားနိုင်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မုန်တိုင်းနှင့်ပတ်သက်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည်။

အကယ်၍ မုန်တိုင်းဝင်လာပါက အရေးကြီးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ခွဲဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပြီး လက်တွေ့လည်းဆောင်ရွက်နေသည်။ ပြည်သူများအပေါ်ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်ကို အဆုံးအရှုံးအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရေးဆောင်ရွက်နေသည်။ မုန်တိုင်းသည် အခြားနေရာသို့ ပြောင်းရွှေ့သွားပါက ကြိုတင်ပြင်ဆင်ခြင်းမှ လက်တွေ့လေ့ကျင့်နိုင်မှုအကျိုးများ ရရှိမည်ဖြစ်သည်။ မုန်တိုင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တုံ့ပြန်ဆောင်ရွက်ခြင်းများကို ပြုလုပ်နေပြီဖြစ်သည်။

ကြိုတင်ပြင်ဆင်မှုအဖြစ် ထိခိုက်ခံရနိုင်ခြေများသည့် ဒေသများဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင် သဘာဝဘေးဒဏ်ခံခိုလှုံသည့် အဆောက်အအုံများအဖြစ် ဆိုင်ကလုန်းရုက်တာ ၄၇ ခု၊ ဘေးဒဏ်ခံတည်ဆောက်ပြီး ၁၁၈ ခု၊ တည်ဆောက်ဆဲ ၁၇ ခုရှိသည်။ ကယ်ဆယ်ရေးပစ္စည်းများကိုလည်း စုပုံထားရှိသည်။ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်မှုအနေဖြင့် တိုင်းဒေသကြီးအဆင့်တစ်ခု၊ ခရိုင်အဆင့်ခြောက်ခု၊ မြို့နယ်အဆင့်ခြောက်ခုတို့တွင် အိမ်ထောင်စု ၆၀၀၀ အတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ကိုယ်တာအလိုက် အသုံးပြုမည့်ကယ်ဆယ်ရေးနှင့် ပတ်သက်သည့်ပစ္စည်းများကို ဖြန့်ခွဲထားသည်။ ပြည်သူများ ဝတ်ရန်၊ စားရန် အဝတ်အထည် စားသောက်ကုန်များသာမက အိုးခွက်၊ ပန်းကန်၊ စောင်၊ ခြင်ထောင်များပါ အသင့်ပြုလုပ်ထားသည်။

ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ အရေးပေါ်သုံး ဖိုက်ဘာစက်လေ ၅၉ စင်း၊ အသက်ကယ်အင်္ကျီ အထည် ၂၅၀၀ ခန့်နှင့် အသက်ကယ်ဗောကွင်း၊ ရေစုပ်စက်၊ ရေစုပ်ပိုက်တို့ကိုလည်း ဖြန့်ခွဲထားပေးပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ကျောက်တန်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ခရမ်း၊ သုံးခွစသည့်မြို့နယ်များ၊ မြစ်ဝကျွန်းပေါ်နှင့်နီးသည့် နေရာဒေသများ၊ ကမ်းရိုးတန်းနှင့်နီးသော နေရာဒေသများတွင် ဆိုင်ကလုန်းရုက်တာများအပါအဝင် နားခိုစရာအဆောက်အအုံ ကိုးလုံးကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ ထို့အပြင် အိမ်ထောင်စု ၅၀၀၀ စာအတွက် ထောက်ပံ့ရေးပစ္စည်းများကို အသင့်စုပုံထားပြီးဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူများအား အသိပေးထားသည်။ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ နားခိုစရာအဆောက်အအုံတည်ဆောက်ပြီး ၅၄ လုံးနှင့် တည်ဆောက်ဆဲခြောက်လုံးရှိသည်။ ကျောက်ဖြူ၊ မာန်အောင်၊ စစ်တွေ၊ ပေါက်တော၊ တောင်ကုတ်၊ ဂွစသည့်မြို့များတွင် တည်ဆောက်ပေးထားသည်။ သိုလှောင်ထားသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့်ပတ်သက်၍ ပြည်နယ်အဆင့် တစ်ခု၊ ခရိုင်အဆင့် ၈ခု၊ မြို့နယ်အဆင့် သုံးခု၊ အိမ်ထောင်စု ၉၀၀၀ ခန့်အတွက် ထောက်ပံ့ပေးမည့်ပစ္စည်းများကို အသင့်ပြုလုပ်ထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် နားခိုရန်အတွက် အဆောက်အအုံ ၁၄၃ လုံး အသင့်ပြုလုပ်ထားသည်။ မုန်တိုင်းကဲ့သို့သဘာဝဘေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ထိုသို့အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးထားသည့်အတွက် ပြည်သူလူထုအနေဖြင့် စိုးရိမ်သောကများလျော့ပါးပြီး စိတ်နှလုံးအေးမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ယခုဖြစ်ပေါ်နေသော မုန်တိုင်းနှင့်ပတ်သက်၍ စိုးရိမ်မှုလွန်လွန်ကဲကဲမဖြစ်စေရန် လိုအပ်ပေသည်။ အခြားတရားမဝင် သတင်းဌာနများနှင့် အခြေအမြစ်မရှိသော မမှန်မကန်ပြောဆိုမှုများကို နားမယောင်မိရန်လိုပြီး နိုင်ငံပိုင်မီဒီယာများနှင့်မိုးလေဝသညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ အသိပေးထုတ်ပြန်ချက်များအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ အာဏာပိုင်အဖွဲ့အစည်းများက အသိပေးဆောင်ရွက်လျက်ရှိသည့် မုန်တိုင်းကျရောက်စဉ်လုပ်ဆောင်ရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များကို အလေးထားနားထောင်မှတ်သား၍ ဆောင်ရွက်ကြပါရန်အကြံပြုလိုသည်။

သို့ဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးနှင့်ပတ်သက်၍ ကောလာဟလသတင်းများကို မယုံစားဘဲ တရားဝင်သတင်းများကို နားစွင့်ကြရန် လိုပါသည်။ နိုင်ငံတော်အကြီးအကဲက "လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"ဟု ပြောကြားထားသည့်အတိုင်း ပြည်သူများသဘာဝဘေးအန္တရာယ်မှ ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရန် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏အကြိမ် (၅၈၀) မြောက် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အလှူတော်မဂ်လာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၉

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့် အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အကြိမ် (၅၈၀) မြောက် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အလှူတော်မဂ်လာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော် ငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးထိန်ဝင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိထံမှ အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးပါး သီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ် လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်ရွှေပြားအလှူရှင် ၂၆ ဦးက ရွှေပြားအချပ် ၃၀ လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၆၄ ဦး အပါအဝင်လှူဒါန်းငွေ စုစုပေါင်း ၁၇၉၄၂ ၃၉၅၃၉ ကျပ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၅ -၂၀၂၃)

ကုမ္ဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၂၀၀	၈,၂၀၀	၃	၂၄,၆၀၀
MTSH	၂,၈၅၀	၂,၈၅၀	၂,၅၅၂	၇,၂၇၃,၂၀၀
MCB	၇,၀၀၀	၇,၀၀၀	၀	၀

FPB	၁,၄၅၀	၁,၄၅၀	၄,၀၄၅	၅,၈၆၅,၂၅၀
TMH	၂,၅၀၀	၂,၅၀၀	၅၀၅	၁,၂၆၂,၅၀၀
EFR	၂,၅၅၀	၂,၅၅၀	၇၃	၁၈၆,၁၅၀
AMATA	၄,၉၀၀	၄,၈၀၀	၁၇	၈၃,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၉

နိုင်ငံခြားငွေလဲလှယ်နှုန်း	မြန်မာငွေကျပ်		
(က)အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၃၀၅.၆
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၃.၃၆
(ဃ) ထိုင်း	တစ်ဘတ်	=	၆၂.၃၀၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၇၁.၉၆
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၅၉၉
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၄၂၀.၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၈၃.၄
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၅၇.၃
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၈.၅၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာပြင်**	- ဒေါ်နှင်းယုလျိုင်နှင့်အဖွဲ့
စာတည်းများ		**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှ
ညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်
၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်

၁။ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့တွင် (၁၇) ကြိမ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကွန်ဂရက်မှ ထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍ အပိုဒ်(၂)ပါ ဖော်ပြချက်တွင် "ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အတူ စစ်တပ်အာဏာသိမ်းယူမှုနှင့် နောက်ဆက်တွဲစိန်ခေါ်မှုများ" ဟု လည်းကောင်း၊ အပိုဒ်(၅)ပါ ဖော်ပြချက်တွင် "မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရေး၊ ကရင်အမျိုးသားတို့၏ ရသင့်ရထိုက်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးများရရှိရေး" ဟုလည်းကောင်း၊ အပိုဒ်(၆)ပါ ဖော်ပြချက်တွင် "မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက်" ဟု လည်းကောင်း ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့အား သက်သေထား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့ဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် တွင် လက်မှတ်ရေးထိုးခဲ့ရာ KNU မှလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများအား ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် နိုင်ငံတော်အာဏာအား အဓမ္မရယူရန် ကြိုးစားခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်ကို မလွှဲမရှောင်သာဘဲ ယာယီထိန်းသိမ်းခဲ့ခြင်းသာဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်၅ရပ်တွင် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟုလည်းကောင်း၊ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟုလည်းကောင်း အတိအလင်းဖော်ပြထားသည့်အပြင် နိုင်ငံတည်ငြိမ်လာပါက ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး အနိုင်ရရှိသည့် အရပ်သားအစိုးရကို အာဏာလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုခဲ့ပြီး ဖြစ်ပါသည်။

၄။ KNU အနေဖြင့် စစ်တပ်အာဏာသိမ်းယူမှု၊ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် သန္ဓေဌာန်ချမှတ်ထားပြီး တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ လူထုလူတန်းစား အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ထားခြင်းသည် အပြုသဘောမဆောင်ဘဲ NCA ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ပြီး ထိပ်တိုက်ရင်ဆိုင်မှုလမ်းကြောင်းသို့ ဦးတည်နေကြောင်း တွေ့ရှိရပါသည်။

၅။ လက်ရှိဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့အရ လှုံ့ဆော်မှုများနှင့် ပြည်ပ ပယောဂများကြောင့် ဖြစ်ပေါ်လာသည့် ပဋ္ဌိပက္ခများသာဖြစ်ပါသည်။ NCA အခြေခံမူ အပိုဒ် ၁(က)တွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် သဘောတူခဲ့ပြီးဖြစ်သဖြင့် ထိပ်တိုက်ရင်ဆိုင်သောလက်နက်ကိုင်တိုက်ပွဲဝင်မည့် လမ်းကြောင်းသည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ပြီး အကြမ်းဖက်လုပ်ရပ်သို့ ဦးတည်နေသောကြောင့် တိုင်းရင်းသားလုပ်သားပြည်သူလူထု တစ်ရပ်လုံးကလိုလားနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ခြင်းကို အဟန့်အတားဖြစ်စေသည့်အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ခံစားလိုသည့် တိုင်းရင်းသားများနှင့် ပြည်သူလူထု တစ်ရပ်လုံးအတွက် ကြီးမားသောအခက်အခဲများ ဖြစ်ပေါ်စေနိုင်ပါသည်။

၆။ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ပါသည်။

၇။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းသည်သာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိနိုင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့အတွက် လမ်းကြောင်းမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှ
ညှိနှိုင်းရေးကော်မတီ

❒ PDF အပါအဝင်မှ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသား ညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF)အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့တရားမဝင် ဖွဲ့စည်း၍ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိရာ ဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြားအသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော် တည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာ အပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်း ပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် တစ်လက်ပါရှိပါက ကျပ် (၅၀) သိန်း၊
(ခ) ပစ္စတိုအုပ်စုဝင် သေနတ် တစ်လက်ပါရှိပါက ကျပ် (၂၀) သိန်း၊
(ဂ) ပြောင်းချော သေနတ် တစ်လက်ပါရှိပါက ကျပ် (၃၀) သိန်း၊
(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီ ကဲ့သို့သော လက်နက်များ တစ်လက်ပါရှိပါက ကျပ် (၇၅)သိန်း၊
(c) လက်လုပ် ပြောင်းချော သေနတ်၊ လက်လုပ် စိန်ပြောင်း၊ လက်လုပ် သေနတ် တစ်လက်ပါရှိပါက ကျပ်(၅)သိန်း၊
(စ) လက်လုပ် မိုင်းများ၊ လက်ပစ်ဗုံးများ ပါရှိပါက ကျပ်(၃)သိန်း၊
(ဆ) လက်နက်/ခဲယမ်းမှအပ အခြား အသုံးအဆောင် ပစ္စည်းများ (ဥပမာ-စကားပြောစက်) ပါရှိပါက ကျပ်(၂)သိန်း။
(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone တစ်စင်းပါရှိပါက ကျပ် (၅၀)သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား
လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်
(၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်)

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင်ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တစ်လွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်းညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တစ်လွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၉

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ(၆)အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃)တွင် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တစ်ပြိုင်နက်တည်း ဆောင်ရွက်နေ

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ မေ ၆ ရက်တွင် ပြုလုပ်ခဲ့သည့် အရေးပေါ်အစည်းအဝေး လမ်းညွှန်ချက်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ မုန်တိုင်း၏ အခြေအနေအလိုက် သာမန်အချိန်၊ အရေးပေါ်အချိန်၊ အရေးကြီးအချိန်နှင့် ပြန်လည်ထူထောင်ရေးအချိန်ဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခုမှာ သာမန်အချိန်နှင့် အရေးပေါ်အချိန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းဇယားကောက်ယူမည့် သတ်မှတ်ပုံစံများအတိုင်း လိုအပ်သည့်အချက်အလက်များ ပြည့်ပြည့်စုံစုံထည့်သွင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံ တင်ပြရန်လိုကြောင်း၊ DMC အား ၂၄ နာရီ ဖွင့်လှစ်ထားရန်လိုကြောင်း၊ ဆက်သွယ်ရေးမပြတ်တောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်သာမက ရနိုင်ပါက ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်အထိ ချိတ်ဆက်ကာ သတင်းအချက်အလက်များ ရယူကြရန်လိုကြောင်း၊ မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ဦးတည်ရာလမ်းကြောင်း ပြောင်းလဲမှုအရ အရေးပေါ်အချိန်နှင့် အရေးကြီးအချိန်ကို တစ်ပြိုင်တည်း ဆောင်ရွက်ရနိုင်ကြောင်း၊ Cyclone Shelter များတွင် ဝင်ဆံ့လူဦးရေများ၊ ရေ၊ ရိက္ခာလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ သက်ဆိုင်ရာဒေသရှိလူဦးရေနှင့်စားရေရိက္ခာလုံလောက်မှုအခြေအနေကို တွက်ချက်ထားရန်လိုကြောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရန်အတွက် DMC မှ သတင်းအချက်အလက်များ ပေးပို့တင်ပြရန်လိုကြောင်း၊ DMC ၏ဆောင်ရွက်ချက်သည် အရေးကြီးကြောင်း၊ မုန်တိုင်းဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်ရန်နှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် အမြန်ဆုံးနှင့် ထိထိရောက်ရောက်ဖြစ်စေရန် DMC မှ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေ

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကို အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ လက်ရှိတွင် သတ်မှတ်ပုံစံများအတိုင်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အချက်အလက်များရယူကာ စုစည်းလျက်ရှိကြောင်း၊ အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် အရေးပေါ်အစားအစာများဖြစ်သည့် ရေသန့်များ၊ ခေါက်ဆွဲခြောက်များ အသင့်ဝယ်ယူထားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေ၊ နိုင်ငံတကာမိုးလေဝသ Website များနှင့် မိုးလေဝသနှင့် ဧလေဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များ၊ သုံးသပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှု၊ လူနှင့်ပစ္စည်းများ ရွှေ့ပြောင်းရန် စီစဉ်ထားရှိမှု၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရန် စီစဉ်ထားရှိမှု၊ ရေသန့်စင်ကားများ စီစဉ်ထားရှိမှု၊ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ယန္တရားများ ကြိုတင်စုဖွဲ့ထားရှိမှု၊ Public Health Emergency Operation Centre (PBEOC) ဖွင့်လှစ်ထားရှိမှု၊ ဘေးသင့်ဒေသများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် Rapid Respond Team(RRT) များကို စေလွှတ်ပြီးစီးမှုနှင့် စေလွှတ်ရန်စီစဉ်နေမှု၊ ဆေးဝါးများပေးပို့ထားရှိမှုနှင့် ဆက်လက်ပေးပို့ရန် စီစဉ်နေမှု၊ ပြည်သူများသို့ မုန်တိုင်းသတင်းပေးပို့မှု၊ အသိပညာပေးမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၉

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အကူအညီများ အချိန်မီရရှိနိုင်ရေး

အစည်းအဝေးတွင် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံအပေါ် မိုးခါမုန်တိုင်း ကျရောက်လာပါက လိုအပ်သည့် အကူအညီများ အချိန်မီရရှိနိုင်ရေးအတွက် အာဆီယံ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများထံသို့ ကြိုတင်အကြောင်းကြားထားရှိရေးနှင့် နိုင်ငံတကာအကူအညီများ မြန်မာနိုင်ငံအတွင်းရှိ ဘေးသင့်ဒေသများသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် မြန်ဆန်သည့် လမ်းကြောင်းတစ်ခုတည်ထောင်ရေးတို့ကို ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့် ပြည်သူများအတွက် ထိုင်းနိုင်ငံရောက် မြန်မာများက ထိုင်းဘတ်ငွေ ၁ ဒသမ ၀၇ သန်းကျော် တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ်ပေါင်း ၁၅၀၀၀၀ ကျော် ကြိုတင်လှူဒါန်းထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။ ထို့အပြင် ကော်မတီဝင်များက မုန်တိုင်းသင့်ပြည်သူများအတွက် အကူအညီပေးရေးပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များ ဖြတ်သန်းခွင့်/ဆင်းသက်/ရပ်နားခွင့်၊ အခွန်ကင်းလွတ်ခွင့်များ၊ ပြည်ဝင်ဗီဇာခွင့်ပြုရေး၊ ကုန်တင်/ကုန်ချကိစ္စများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေး စသည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံမှ ဝန်ကြီးနှင့်အတူ လိုက်ပါလာသော အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ရခိုင်ပြည်နယ်ရှိ ဌာနအသီးသီးမှ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Shri Sarbananda Sonowal ဦးဆောင်သော အိန္ဒိယနိုင်ငံအစိုးရ၏ ကိုယ်စားလှယ်များကို ကြိုဆိုနှုတ်ဆက်သည်။

ဆွေးနွေးမှာကြား

ထို့နောက် စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းရှိ အစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော အိန္ဒိယနိုင်ငံအစိုးရ၏ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများကို စစ်တွေကုလားတန် ဆိပ်ခံတံတားအား စီမံခန့်ခွဲလျက်ရှိသော A to Z Exim Limitedမှ လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပထမဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် စတင်ဖွင့်လှစ်ကာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Shri Sarbananda Sonowal တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံ အတွက်သာမက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွက်ပါ များစွာအကျိုး ဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ပင်လယ် ရေကြောင်းလမ်း၊ ပြည်တွင်း ရေကြောင်းလမ်းနှင့် မော်တော်ကားလမ်းကို ချိတ်ဆက်၍ ဘက်စုံသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ခြင်းကြောင့် နှစ်နိုင်ငံ အကြား ကုန်သွယ်မှုနှင့် ဒေသတွင်း ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ အကြား လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုလည်း ပိုမိုကောင်းမွန်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း များစွာ တိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စစ်တွေ ဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ နှင့်သာမက ဒေသတွင်းနိုင်ငံများ နှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်မည် ဖြစ်ရာ စီမံကိန်း အောင်မြင်စွာ ပြီးစီးရေးအတွက် ကြိုးစားအားထုတ်ပေးကြသည့် နှစ်နိုင်ငံ အစိုးရဘက်မှ တာဝန်ရှိသူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး တို့က စစ်တွေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ စစ်တွေကုလားတန် ဆိပ်ခံတံတား အထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ နှစ်ဖက် အပြန်အလှန် အမှတ်တရပစ္စည်း လဲလှယ်ကြပြီး စစ်တွေကုလားတန် ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနား သို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အိန္ဒိယနိုင်ငံမှ လာရောက်သော အပြည်ပြည်ဆိုင်ရာ ကုန်စည်တင်သင်္ဘော ITT Lion ဆိုက်ကပ်ထားသည့် စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ရောက်ရှိကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့် မြန်မာနိုင်ငံ ဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့က စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ Royal Sittwe Resort Hotel ၌ ကျင်းပသည့် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Shri Sarbananda Sonowal ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ စစ်တွေဆိပ်ကမ်းဖွင့်လှစ်နိုင်မှုကြောင့် နိုင်ငံ ကုန်သွယ်မှု တိုးတက်လာမည့် အခြေအနေ၊ စစ်တွေဆိပ်ကမ်းမှ တစ်ဆင့် ဒေသတွင်းနိုင်ငံများသို့ ကုန်သွယ်မှုများ တိုးမြင့်တင်ပို့နိုင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ စီးပွားရေး အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိနိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အကြား သယ်ယူပို့ဆောင်မှု ချောမွေ့လာမည့် အခြေအနေများ ကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၁)၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဘဂ်လား ပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ် ကျရောက်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းခြင်း အခမ်းအနားကို တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါ အခမ်းအနားတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မုန်တိုင်းခန့်မှန်းချက်နှင့် ဖြတ်သန်းမည့်လမ်းကြောင်းများကို ဦးစွာရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် အရေးပေါ်အခြေအနေတွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကဏ္ဍအလိုက် စီမံချက်များ အတိုင်း ကြိုတင်ပြင်ဆင်သင့်သည်များအား ဂရုပြုဆောင်ရွက်ရန်၊ လုပ်ငန်းကော်မတီများ အကြား ပူးပေါင်းဆောင်ရွက်ရန်၊ စီမံချက်များ လက်တွေ့ဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် ညီညွတ်စေရေး ဆောင်ရွက်သွားရန်များ ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၂၀၂၂-၂၀၂၃)၊ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်များတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဆတ်ရိုးကျောင်း အလျား ၁၂၆၂ မီတာ ရေလမ်းကောင်းမွန်ရေး သောင်တူးခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ သောက်သုံးရေ ရရှိရေးအတွက် စစ်တွေမြို့ စိုက်ပျိုးရေးမျိုးသန့်ခြံအတွင်းရှိ စက်ရေတွင်းကိုးတွင်း တူးဖော်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် စက်ရေတွင်း တူးဖော်နေမှုများကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Shri Sarbananda Sonowal အမှာစကားပြောကြားစဉ်။

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နိုင်ငံတော်အတွက် ရရန်ရှိသည့်အခွန်များ မှန်မှန်ကန်ကန်ရရှိနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၉

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၂၆)ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနခ၌ ကျင်းပသည့် နိုင်ငံတော်အတွက် ရရန်ရှိသည့်အခွန်များ မှန်မှန်ကန်ကန်ရရှိနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်၊ ဦးမောင်မောင်ဝင်း၊ ဦးထွန်းအုံ၊ ဦးသန့်စင်နှင့် သက်ဆိုင်ရာဌာန အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု၏ သုံးလပတ်အလိုက် အခွန်ရငွေကို ပြည်ထောင်စုအဆိုးရအဖွဲ့သို့လည်းကောင်း၊ ခြောက်လပတ်အလိုက် အခွန်ရငွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့လည်းကောင်း အစီရင်ခံတင်ပြလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တတိယသုံးလပတ် နိုင်ငံတော်၏အခွန်ရငွေစာရင်းများ တင်ပြမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အတွက် ရရန်ရှိသည့်အခွန်များ မှန်မှန်ကန်ကန်ရရှိရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားမှုပြုခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ် နိုင်ငံတော်၏ အခွန်ရငွေစာရင်းများတွင် အခွန်အကောက်ရငွေ လျာထားချက်ထက် ကျော်လွန်ကောက်ခံနိုင်သော ဝန်ကြီးဌာနများရှိသကဲ့သို့ လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ခြင်းမရှိသည့် ဝန်ကြီးဌာနအချို့လည်းရှိနေသည်ကို စိစစ်တွေ့ရှိရကြောင်း။

ယနေ့အစည်းအဝေးတွင် လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ခြင်းမရှိသည့် ဝန်ကြီးဌာနများအနေဖြင့် အခွန်ရငွေလျော့နည်းရသည့် အကြောင်းရင်းများကို စိစစ်ဖော်ထုတ်၍ လာမည့်ဘဏ္ဍာနှစ်တွင် အခွန်အကောက်ရငွေများ မှန်မှန်ကန်ကန်နှင့် အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများကို ပိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတော်၏ဝင်ငွေကို ရှာဖွေရာတွင် အခွန်စည်းကြပ်ကောက်ခံရေးသည် အဓိကကျသည့်အတွက် နိုင်ငံတော်အတွက် အခွန်ကောက်ခံပေးနေသော ဝန်ကြီးဌာနများအားလုံးအနေဖြင့် အားနည်းချက်များကိုပြုပြင်ကာ လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များကို လျာထားချက်များနှင့်အညီ မှန်မှန်ကန်ကန်နှင့် အပြည့်အဝကောက်ခံရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက အခွန်အကောက်များကို လျာထားချက်ပြည့်မီအောင် ကောက်ခံရရှိနိုင်ရေးနှင့် အသုံးစရိတ်များကို လည်း လျာထားချက်များနှင့်အညီ ထိရောက်စွာသုံးစွဲနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ နိုင်ငံတော်အတွက် ရရန်ရှိသည့်အခွန်များ မှန်မှန်ကန်ကန်ရရှိနိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် အခွန်ငွေများ အပြည့်အဝကောက်ခံရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စွမ်းအင်ဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ခြင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၉

စွမ်းအင်ဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးတော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် အညီ ခေတ်နှင့်လျော်ညီသည့် စွမ်းအင်မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ရေးဆွဲသွားရန် လိုအပ်ကြောင်း၊ ထိုသို့ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များရေးဆွဲရာတွင် နှစ်အလိုက်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် သုံးသပ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှသာ ထိရောက်ကောင်းမွန် မှန်ကန်နိုင်မည်ဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ အပေါ် ပြန်လည်သုံးသပ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးမှု မရှိစေရေး သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ စီမံချက်များ ကြိုတင်စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ လုပ်ငန်းခွင် မတော်တဆဖြစ်စဉ်များ မဖြစ်ပေါ်စေရေး အထူးကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဌာနအလိုက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးသန့်စင်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၌ ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်

နေပြည်တော် မေ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အခမ်းအနားများကို အဆိုပါလေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် Theatre ခန်းမတို့၌ ယမန်နေ့နံနက်ပိုင်းက သီးခြားစီကျင်းပသည်။

အဆိုပါ သင်တန်းများကို မေ ၄ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒီဂရီကောလိပ်(ရန်ကုန်)၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ဝန်ထမ်းသားသမီးများ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသား သမီးများတက်ရောက်ကြပြီး သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို ရက်သတ္တတစ်ပတ်ကြာမြင့်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၈၅၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၁ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၆၂,၁၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၆,၃၈၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၃၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)၌ ဖတ်ကြားမည့် စာတမ်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)၌ ဖတ်ကြားမည့် စာတမ်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ hybrid စနစ်ဖြင့် ကျင်းပသည်။

စနစ်တကျကြိုတင်ပြင်ဆင်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ စကားပိုင်းဆွေးနွေးပွဲတို့တွင် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားလှယ်များက ပညာရပ်ဆိုင်ရာ ပါဝင်ဆွေးနွေးသူ (Panelist) များအဖြစ်လည်းကောင်း၊ ညီလာခံဆွေးနွေးပွဲ (Parallel Session) များတွင် သဘာပတိများအဖြစ်လည်းကောင်း၊ စာတမ်း(၃)ခု၏ စာတမ်းရှင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးမည့် အချက်အလက်များကို စနစ်တကျ ကြိုတင်ပြင်ဆင်ရန်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့် အာဟာရမြှင့်တင်ခြင်းတို့သည် ကျောင်းသူ ကျောင်းသားများ၏ ကျောင်းထွက်ရမှုနှုန်းကို လျှော့ချနိုင်ပြီး ကျောင်းတွင် ပညာသင်ယူနိုင်သောကာလကို ပိုမိုတိုးတက်မြင့်မားလာစေကြောင်းနှင့်အာဟာရပြည့်ဝသောကျောင်းတွင်းနေ့လယ်စာ အစီအစဉ်သည် ကျောင်းတက်နှုန်းကို ပျမ်းမျှအားဖြင့် (၉)ရာခိုင်နှုန်းအထိ တိုးမြင့်လာစေကြောင်း စသည့် အကျိုးကျေးဇူးများကို ထည့်သွင်းတင်ပြဆွေးနွေးရန်လိုကြောင်း။

ထို့ပြင် ကျောင်းသားလူငယ်များ တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်စေရေး၊ ကျောင်းတွင်းအိမ်သာနှင့် ကျောင်းတွင်း ကျောင်းပြင်သန့်ရှင်းရေး၊ ကျောင်းမုန့်စျေးတန်းတွင် ရောင်းချသည့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရနှင့် ပြည့်စုံစေရေး လုပ်ငန်းများ၊ ကျောင်းသား လူငယ်များ၏ သွားနှင့်ခံတွင်းကျန်းမာရေး၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အရေပြားကျန်းမာရေးလုပ်ငန်းများ၊ မျက်စိကျန်းမာရေးကောင်းမွန်ပြီး အမြင်အာရုံကောင်းမွန်စေရေးအတွက် ပညာပေးလုပ်ငန်းများနှင့် ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ကျောင်းကျန်းမာရေးဆောင်ရွက်ခြင်းအားဖြင့် ကျောင်းထွက်ရခြင်းမရှိဘဲ KG+9ပြီးဆုံးသည်အထိသင်ကြားနိုင်မည့်ကျောင်းသားကျောင်းသူဦးရေ တိုးတက်လာနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများကို အလေးထားဆွေးနွေးရန်လိုကြောင်း။

ဆရာ ဆရာမများ အရည်အသွေးစဉ်ဆက်မပြတ်လေ့ကျင့်ပေးရေးနှင့်စပ်လျဉ်း၍ အခြေခံပညာ အဆင့်မှ အဆင့်မြင့်ပညာအဆင့်ထိ ဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ၏ ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်လေ့လာနိုင်မှုများအပေါ်သုံးသပ်၍ အကဲဖြတ်စနစ်များတွင် ထည့်သွင်းနိုင်ရေး၊ ဆရာ ဆရာမများ အနေဖြင့် စာကြည့်တိုက်များကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် နိုင်ငံတကာ ပညာရပ်ဆိုင်ရာဂျာနယ်များတွင် နောက်ဆုံးပေါ်တွေ့ရှိ ထုတ်ဝေချက်များကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ရေး၊ ဆရာ ဆရာမအချင်းချင်း သင်ကြားမှုအတွေ့အကြုံနှင့် ပညာရပ်ဆိုင်ရာ လေ့လာမှုများကို လူကိုယ်တိုင်သော်လည်းကောင်း၊ IT နည်းပညာအသုံးပြု၍ သော်လည်းကောင်း မျှဝေခြင်းနှင့် ဆွေးနွေးပြောကြားခြင်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို တင်ပြစေလိုကြောင်း။

သုတေသနဖွံ့ဖြိုးတိုးတက်ရေးမူဘောင် ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ တက္ကသိုလ်များတွင် သုတေသနများ တိုးမြှင့်ဆောင်ရွက်ခြင်းမှတစ်ဆင့် တက္ကသိုလ်အဆင့်အတန်း သတ်မှတ်မှုတွင် အဆင့်ပိုမိုမြင့်မားစွာရရှိနိုင်ခြင်းနှင့် နည်းပညာနှင့် သက်မွေးပညာကျောင်းများတွင် သုတေသနများ ပိုမိုဆောင်ရွက်နိုင်ခြင်းဖြင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပိုမိုထိရောက်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများကို ထည့်သွင်းဆွေးနွေးရန်လိုအပ်ပြီး အဆိုပါ အကျိုးကျေးဇူးများ ရရှိနိုင်ရေးအတွက် ငယ်ရွယ်စဉ် အခြေခံပညာကျောင်းသား ကျောင်းသူများမှ စတင်၍ သုတေသနပြုလုပ်လိုသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာစေရေးနှင့် သုတေသနယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာသည်အထိ ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ညီလာခံတွင် တင်ပြဆွေးနွေးကြမည့် ညွှန်ကြားရေးမှူးချုပ်များနှင့် စာတမ်းရှင်များက သက်ဆိုင်ရာ ဘာသာရပ်အလိုက် တင်ပြဆွေးနွေးကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

GENDER/CEDAW/NSPAW/UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၉

လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် GENDER/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်တွဲလက်များလူမှုကူညီရေးအဖွဲ့မှ လူငယ်ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်မည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တို့အောက်ရှိ ဦးစီးဌာနများမှ အရာထမ်းသင်တန်းသူ သင်တန်းသား ၂၇ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အမျိုးသမီးများ၏ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပါကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း ဗဟုသုတရရှိနိုင်မည့်အပြင် အတွေ့အကြုံများကိုလည်း ဆွေးနွေးဖလှယ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ သင်တန်းမှရရှိသည့် ဗဟုသုတများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများတွင် ကျား၊ မ ရေးရာကို စနစ်တကျထည့်သွင်းစဉ်းစားပြီး ရေးဆွဲကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်သည့်အခါတွင်လည်း အမျိုးသမီး၊ မိန်းကလေးငယ်များ၏ ပါဝင်မှုအခန်းကဏ္ဍကို တိုးမြှင့်ပေးရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ . . .

ကျောင်းသားမိဘတစ်ဦး

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ မေလ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ကျောင်းအမြန်အပ်နှံစို့"

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျွန်တော်၏ လက်ကိုင်ဖုန်းထဲသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ပေးပို့သော အထက်ပါ မက်စ်ဆေ့ဂျ်နှီးဆော်လွှာလေးတစ်ခုရောက်ရှိလာသည်။ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် စတင်တော့မည်။ ယခုပညာသင်နှစ်တွင် Grade–9 နှင့် Grade–12 အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းတံခါးတွေလည်း တစ်ကြိမ်ပြန်ပြီးဖွင့်လှစ်တော့မည်

မကြာမီ မုတ်သုံမိုးဦးဝင်ရောက်လာတော့မည်။ တောင်လေဖြူးသည့် ဤလရာသီတွင် ပင်အိုပင်ပျိုတို့သည် မုတ်သုံမိုးစက်ပွင့်များနှင့် အတူ စိမ်းမြမြနှင့် ယိမ်းကကြပေတော့မည်။ စာသင်ရန်ကျောင်းတံခါးတွေလည်း တစ်ကြိမ်ပြန်ပြီးဖွင့်လှစ်တော့မည်။ အဖြူနှင့် အစိမ်းကျောင်းဝတ်စုံကိုယ်စီဆင်မြန်းထားသော ချစ်စဖွယ် ရင်သွေးငယ်များကို ကြည်နူးစွာတွေ့မြင်ကြရတော့မည်။

ခေါင်းလောင်းသံချိုမြမြကို ပြန်လည်ကြားယောင်လာသည် –

"လဲနေသူ ထူပေးပါ။
အားငယ်သူ အားပေးပါ။
ရေထဲကလူ ဆယ်ယူပါ။
အကူအညီပေးပါ။"
"အိမ်လမ်း ရွာကျောင်း၊ သန့်ရှင်းကြောင်း၊
စုပေါင်း အမှိုက်သိမ်း။"

ငယ်စဉ်သူငယ်တန်းကျောင်းသားဘဝ မြန်မာသင်ပုန်းကြီးဖတ်စာသစ်ထဲက ကဗျာများ၊ စာများ သူ့အလိုလိုအံကျလာသည် –

"အရွယ်ရောက်လာ၊ တို့ကျောင်းမှာ၊
ပညာသင်ကြားကြ။
ရွာ၏အလယ်၊ ဂုဏ်ယူဖွယ်၊
တင့်တယ်လှပေစွ။
ကျောင်းသား ကျောင်းသူ၊ ချစ်ကြည်ဖြူ၊
ညီတူဝတ်ဆင်ရ။
ကျောင်းပတ်ဝန်းကျင်၊ နေ့စဉ်ပင်၊
ပြုပြင်သန့်ရှင်းကြ။
ကျောင်းဥယျာဉ်မှာ၊ မျိုးစုံစွာ၊
ညီညာစိုက်ပျိုးကြ။
ကျောင်း၏စည်းကမ်း၊ မပျက်တမ်း၊
ဝန်ထမ်းစောင့်ထိန်းကြ။
တို့ကျောင်းကိုခင်၊ တို့ချစ်လျှင်၊
မြေပင်လေးစားကြ။
ကျောင်း၏ကျေးဇူး၊ ပညာဖူး
ဆွတ်ခူးနေ့စဉ်ရ။
တို့ကျောင်းဂုဏ်ရောင်၊ တိုးမြှင့်အောင်၊
ရည်ဆောင်ကြိုးစားကြ"

ဟူသည့် တတိယတန်းမြန်မာဖတ်စာသစ်ထဲက "တို့ကျောင်း" ကဗျာလေးကိုလည်း နှုတ်တက်ရွရွအံမိပြန်ပါသည်။

ပြန်လည်အမှတ်ရအောက်မေ့

ဝလုံးလေးကိုဝိုင်းအောင် မရေးတတ်၍ ကျွန်တော့်လက်ဆစ်လက်ခေါက်ကို ပေတံဇောင်းဖြင့် ခေါက်၍ခေါက်၍ သင်ကြားပေးခဲ့ပါသော သူငယ်တန်းပြဆရာမလေးအပါအဝင် ငယ်ဘဝက အနန္တကျေးဇူးရှင် ဆရာ ဆရာမများကို ပြန်လည်အမှတ်ရအောက်မေ့လာမိသည်။

ငယ်ဘဝက ကျောင်းနေဖက်ငယ်သူငယ်ချင်းအများစုနှင့်မူ ကျောင်းသားစုံညီပွဲတော်များ၌ မကြာခဏဆုံတွေ့ဖြစ်သည်။ အချို့က အရာရှိအရာခံ၊ ကုန်သည်ပွဲစား၊ လုပ်ငန်းရှင်ဘဝတို့ဖြင့် တင့်တောင်းတင့်တယ်။ အချို့ကား လက်လုပ်လက်စားဘဝဖြင့် ဘဝကို ရုန်းကန်ဖြတ်သန်းလျက်။ ဘဝခရီးကို သက်သောင့်သက်သာဖြတ်သန်းသူ အများစုအား လေ့လာကြည့်လျှင် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပြီးမြောက်သူ၊ ဘွဲ့ရပညာတတ်များဖြစ်ကြလေသည်။ ဘဝခရီးကို ပင်ပန်းကြီးစွာဖြတ်သန်းနေကြသူအများစုမှာမူ ပညာရေးကို ဆုံးခန်းတိုင်အောင်မသင်ကြားနိုင်ခဲ့ကြသူများ ဖြစ်နေလေသည်။

အချိန်နှင့် ဒီရေသည် လူကိုမစောင့်။ ကုန်လွန်သွားသည့်အချိန်ကာလများက ပြန်လည်၍ မရစကောင်းပေ။ အချို့က ငယ်ရွယ်စဉ်မှာ ပညာကောင်းစွာမရှာခဲ့မိ၍ စိတ်ပျက်အားငယ်ကြရှာသည်။ သို့သော် သူတို့၏တူညီသောဆန္ဒကား မိမိတို့၏ရင်သွေးငယ်များကို ပညာတတ်များဖြစ်စေချင်ကြသည်။ ဘဝပေးအသိ၊ ဘဝပေးသင်ခန်းစာများအရ ဖြစ်ပေလိမ့်မည်။

မှန်ပါသည်။ မိဘတို့သည် မိမိရင်သွေးငယ်များ ဘွဲ့ရပညာတတ်များ ဖြစ်လာစေရေးအတွက် ပညာသင်ချိန်တွင် ပညာသင်ကြားနိုင်မည့် အခြေခံအခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သကဲ့သို့ ရင်သွေးငယ်များဘက်ကလည်း ဘွဲ့ရပညာတတ်များ ဖြစ်လာစေရန် ကိုယ်တိုင်ကြိုးစား သင်ကြားသင်ယူကြရမည်ဖြစ်သည်။ မိဘဟူသည်က အခြေခံအခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးရုံမျှသာ တတ်နိုင်သည်။ ကိုယ့်ရင်သွေးငယ်များကို ဘွဲ့ရပညာတတ်ကြီးတစ်ယောက်ဖြစ်လာအောင် ဥုံဖွယ်ဟူ၍ မန်းမှုတ်လုပ်ဆောင်ပေးကာမရနိုင်ပေ။ ရင်သွေးငယ်ကျောင်းသားကိုယ်တိုင်ကကြိုးစားမှုဖြစ်လာနိုင်မည့်အရာဖြစ်သည်။ ဆိုရလျှင် မိဘကသားသမီးကို ကျောင်းထားပေးရမည့်ဝတ္တရားရှိသလို သားသမီးကလည်း စာကြိုးစားရမည့်တာဝန်ရှိပေသည်။

သို့ရာတွင် အသိမိတ်ဆွေကျောင်းသားမိဘအချို့မှာမူ စိတ်ခံစားချက်များအရ ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း မိမိရင်သွေးငယ်များကို ကျောင်းအပ်နှံရေးအတွက် ပျက်ကွက်မှုအချို့လည်းရှိခဲ့သည်။

ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ရမည့်ကိစ္စသာ

"ကျွန်တော်တို့လူမျိုးသည် အရာရာအပေါ် ခံစားလွယ်လွန်း၊ သံသယရှိလွန်း၊ အလေးအနက်ထားလွန်းကြလျက် နိုင်ငံရေးနှင့် ဝါဒရေးရာတို့အား ဘဝဝယ်အရေးအကြီးဆုံးအရာသဖွယ် မှတ်ယူကြသည်။ နိုင်ငံရေးနှင့် ဝါဒရေးရာတို့ဟူသည် အရေးကြီးပေသည် မှန်သော်လည်း လူ့ဘဝဇာတ်ခုံ၌ အဓိကအကျဆုံးတော့မဟုတ်ပေ။ လူသားအချင်းချင်းစည်းလုံးညီညွတ်စွာ လိုက်လျောညီထွေနေထိုင် ဆက်ဆံသွားနိုင်ရေးသည်သာ အဓိကပင်"ဟူသည့် ဒေါက်တာမောင်မောင်၏ တစ်ချိန်က သုံးသပ်ရေးသားချက်အချို့ကို အမှတ်ရမိသော်လည်း မိမိရင်သွေးငယ်တို့၏အနာဂတ်ဘဝကို ကာယကံရှင်မိဘများကိုယ်တိုင်သာ ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ရမည့်ကိစ္စသာဖြစ်ပေသည်။

"နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း ငယ်၏ဟူ၍ မအောက်မေ့ရာ။ ကုန်စင်အောင်တတ်မူကား တစ်ခုတည်းသောအတတ်သည်လည်း အသက်မွေးကျောင်းဖြစ်လေသတည်း" ဟူသည့် လောကနီတိပါအတိုင်း အသိပညာ၊ အတတ်ပညာဟူသည် လောကလူသားတို့၏ ဘဝခရီးတွင်အရေးပါရုံသာမက အနာဂတ်နိုင်ငံတော်၏ ရှေ့အနာဂတ်ခရီးအတွက်လည်း အဓိကအကျဆုံးဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ အဓိကတည်ဆောက်ရခြင်းဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များပေါ်ထွက်လာစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသား ကျောင်းသူများအားလုံး အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများတက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်းကို ခရိုင် ၅၀ တွင်ဖွင့်လှစ်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

စာမျက်နှာ ၉ သို့ ✧

> **"နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း ငယ်၏ဟူ၍ မအောက်မေ့ရာ။ ကုန်စင်အောင်တတ်မူကား တစ်ခုတည်းသောအတတ်သည်လည်း အသက်မွေးကျောင်းဖြစ်လေသတည်း"ဟူသည့် လောကနီတိပါအတိုင်း အသိပညာ၊ အတတ်ပညာဟူသည် လောကလူသားတို့၏ဘဝခရီးတွင် အရေးပါရုံသာမက အနာဂတ်နိုင်ငံတော်၏ ရှေ့အနာဂတ်ခရီးအတွက်လည်း အဓိကအကျဆုံးဖြစ်**
>
> **သို့ဖြင့် မိမိရင်သွေးငယ်များကို အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့်၊ မိသားစုက အားကိုးရသည့်၊ ရပ်ရွာကအလေးထားလေးစားရသည့် သားကောင်းရတနာများဖြစ်လာစေရန် ကျောင်းသားမိဘတိုင်းက လာမည့် မေလ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ကျောင်းအမြန်အပ်နှံကြဖို့ ထပ်ဆင့်နှိုးဆော်**

ဆွဲဆောင်မှုရှိသည့် အခြေအနေများကို အသုံးချပြီး ပြည်တွင်းခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်

နေပြည်တော် မေ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့သို့ရောက်ရှိပြီး "Victoria Cliff Hotel & Resort" တွင် ကော့သောင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ကော့သောင်းခရီးစဉ်ဒေသတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ပင်လယ်ပြင်အတွင်းမှ သာယာလှပသည့် ကျွန်းများ၊ ကမ်းခြေများ၊ ရေပေါ် ရေအောက်ရှိသယံဇာတများအပြင် အခြားသော သဘာဝအရင်းအမြစ်များ များစွာတည်ရှိနေပါကြောင်း၊ ယင်းကဲ့သို့ ဆွဲဆောင်မှုရှိသည့် အခြေအနေများကို အသုံးချပြီး ပြည်တွင်းခရီးသွားလုပ်ငန်းအပြင် ပြည်ပခရီးသွားလုပ်ငန်းပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေသည့် နယ်စပ်ဒေသတစ်ခုဖြစ်သည်နှင့် အညီ ထိုင်းနိုင်ငံဘက်ခြမ်းမှ ပတ္တရား၊ ဖူးခက်ဒေသများကို လာရောက်နေကြသည့် ရှုရှားခရီးသွားဧည့်သည်များကို စိတ်ဝင်စားလည်ပတ်လာစေရန် ဆွဲဆောင်ပြီး ရှုရှားခရီးသွားလုပ်ငန်း စျေးကွက်တစ်ခု ဖြစ်ပေါ်လာအောင်ဆောင်ရွက်ရန် စဉ်းစားသင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်လုပ်ကိုင်နေကြသည့် ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏လုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် အဆင်ပြေမှုရှိစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကော့သောင်းခရီးစဉ် ဒေသအနေဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ပြီး လေကြောင်း၊ ရေကြောင်းတို့မှ တစ်ဆင့် လာရောက်လည်ပတ်ရန် လွယ်ကူ အဆင်ပြေစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအပြင် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကော့သောင်းရုံးခွဲသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၉

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့်ကိစ္စရပ်များ၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးရသည့်ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသော သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပိုမိုခိုင်မာစွာဖြစ်ပေါ်လာစေရန် ဦးတည်ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အဂတိဆိုသည်မှာ လားရာကိုဆန့်ကျင်ခြင်းဟု အဓိပ္ပာယ်ရပြီး ဘာသာတရားအရ ငါးပါးသီလကို မြဲမြံစွာလိုက်နာစောင့်ထိန်းပါက အဂတိတရားကင်းရှင်းသွားမည်ဖြစ်ပါကြောင်း၊ ငယ်စဉ်ကပင် နေ့စဉ်ပြုမူနေထိုင်ပြောဆိုလုပ်ကိုင်ရာတွင် ပြည်သူ့နီတိနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေး သင်ကြားပို့ချရန် လိုအပ်ပါကြောင်း။

ကော်မရှင်အနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်လက်စွဲစာအုပ်များကို အခြေခံမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ရေးဆွဲပြုစုပြီး အဆင့်လိုက်ဘာသာရပ်များတွင် ထည့်သွင်းရေးဆွဲကာ သင်ကြားပို့ချနိုင်ရေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သည့် "Remove Corruption, Promote Prosperity" "အဂတိပယ်ခွာပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ ဌာနခွဲများမှ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✧ **စာမျက်နှာ ၈ မှ**

ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပညာရေးလမ်းသွယ်လေးမျိုး သင်ယူနိုင်မည့်အခွင့်အလမ်း

အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသားလူငယ်များအနေဖြင့် အခြေခံပညာ (အထက်တန်း)၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်လေးမျိုး သင်ယူနိုင်မည့်အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သည်။ ထူးချွန်ထက်မြက်သူများအနေဖြင့်လည်း ဝါသနာပါရာ အဆင့်မြင့်ပညာများကိုသက်ဆိုင်ရာ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်သင်ယူနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပညာတော်သင်များအဖြစ်လည်း မျှော်မှန်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၈ပြီလ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအားတွေ့ဆုံစဉ် "လူငယ်ဆိုသည်မှာ အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများ ပင်ဖြစ်ပါကြောင်း။

ပညာထူးချွန်ပြီး ထက်မြက်သည့်ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျွန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့် ကောင်းမြတ်သောအရည်အသွေးများပြည့်စုံသည့် လူစွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းကို ဉာဏ်ပညာထူးချွန်ပြီး ကျွန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဆိုသည့် ကောင်းမြတ်သောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ်တိုင်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သစ္စာရှိစွာ ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း" စသည်ဖြင့် သြဝါဒစကားပြောကြားခဲ့သည်။

မြေတောင်မြောက် ပြုစုပျိုးထောင်

အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ရမည့် သားကောင်းရတနာဟူသည် အလိုအလျောက်ပဒေသာပင်မြေကပေါက်လာသည် မဟုတ်ပါ။ မိဘဆရာသမားတို့၏ စနစ်တကျမြေတောင်မြောက် ပြုစုပျိုးထောင်ပေးခြင်းဖြင့်သာ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်ဖြစ်ပေသည်။

သို့ဖြင့် မိမိရင်သွေးငယ်များကို အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့်၊ မိသားစုက အားကိုးရသည့်၊ ရပ်ရွာကအလေးထားလေးစားရသည့် သားကောင်းရတနာများဖြစ်လာစေရန် ကျောင်းသား မိဘတိုင်းက လာမည့်မေလ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ကျောင်းအမြန်အပ်နှံကြဖို့ ထပ်ဆင့်နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ပခုက္ကူခရိုင်အတွင်း နေထိုင်ကြသော ယာယီတိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မကွေး မေ ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း နေထိုင်ကြသော ယာယီတိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်နှင့် ပခုက္ကူနယ်မြေခံ တပ်မတော်အရာရှိတို့က ပခုက္ကူခရိုင်အတွင်း နေထိုင်ကြသော ယာယီတိုက်ပွဲရှောင်မိသားစုဝင် လူဦးရေ ၅၄၀ တို့အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော ဆန်ခြောက်ပြည်ပါ အိတ် ၅၄၀၊ ဆီ ၁၆၂ ပိဿာနှင့် ဆား ၁၆၂ ပိဿာ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သော ခေါက်ဆွဲခြောက် အထုပ် ၅၄၀ ၊ ကြက်သွန်နီ ၁၃၅ ပိဿာ၊ ကြက်သွန်ဖြူ ၁၃၅ ပိဿာ၊ အာလူး ၂၄၃ ပိဿာ၊ ကုလားပဲ ၁၃၅ပြည်၊ ကြက်ဥ အလုံး၁၀၈၀ နှင့် ကျောင်းဝတ်စုံ(ဖြူ/စိမ်း) အစုံ ၁၂၀၊ ကျောင်းသုံးဗလာစာအုပ် ၁၆၉၈ ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော အမျိုးသားလုံချည် ၃၁၁ ထည်၊ အမျိုးသမီးလုံချည် ၂၂၉ ထည်၊ တီရှပ်အင်္ကျီ၊ ဆပ်ပြာ၊ သွားတိုက်ဆေးနှင့် သွားတိုက်တံတစ်ခုစီတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့သည် ပခုက္ကူခရိုင်အတွင်း နေထိုင်ကြသော ယာယီတိုက်ပွဲရှောင်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ ယာယီတိုက်ပွဲရှောင်မိသားစုဝင်များ၏ လိုအပ်ချက်တင်ပြခဲ့မှုများအပေါ် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ရိက္ခာပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့

ဘားအံ မေ ၉

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မေ ၈ ရက် နံနက်ပိုင်းက ဘားအံခရိုင် လှိုင်းဘွဲမြို့နယ်မြိုင်ကြီးငူအထူးဒေသနှင့် ဖာပွန်ခရိုင် ကမမောင်းမြို့သို့ ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ရိက္ခာပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က မြိုင်ကြီးငူ အထူးဒေသသို့ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားရေရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို မြိုင်ကြီးငူ အေးလင်းသာယာကျောက်စာကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများကို အားပေးစကားများပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ နယ်မြေခံ တပ်မတော်အရာရှိများနှင့်အတူ အိမ်ထောင်စု ၄၃၂စု၊ လူဦးရေ ၂၀၈၉ ဦးအတွက် ငွေကျပ် ၃၁၃စေ၂၅၀ တန်ဖိုးရှိ ဆန် ၅၂၂ အိတ်နှင့် ၆ ပြည်၊ ဆီ ၂၁၆ ပိဿာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့သော ငွေကျပ် ၁၉၂၁စ၈၀ တန်ဖိုးရှိ အာလူး၊ ကုလားပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခေါက်ဆွဲခြောက်နှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ပဲ ရိက္ခာပစ္စည်းများနှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဆွေမြတ်မျိုးကြွယ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများကို အားပေးစကား ပြောကြားပြီး ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၇၇၈ စု၊ လူဦးရေ ၃၃၃၃ ဦးအတွက် ငွေကျပ် ၅၀၄၁၂၇၅၀ တန်ဖိုးရှိ ဆန် ၈၃၃ အိတ် ၆ ပြည်၊ ဆီ ၃၈၉ ပိဿာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့သော ငွေကျပ် ၃၀ဖဒ၃ဖ၀ တန်ဖိုးရှိ အာလူး၊ ကုလားပဲ၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်နှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍အားပေးစကားများပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရခြင်း မရှိသေးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖာပွန်မြို့နယ်ရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

ကမမောင်းမြို့၌ ယာယီတိုက်ပွဲရှောင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

ကမမောင်း မေ ၉

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယာယီတိုက်ပွဲရှောင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ကမမောင်းမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၇၇၈ စုအတွက် တစ်အိမ်ထောင် လျှင် စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ပုဆိုးတစ်ထည်၊ လုံချည်တစ်ထည်၊ ဆပ်ပြာတစ်တောင့်၊ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး တစ်ဦးလျှင် တီရှပ်တစ်ထည် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းထွန်းထံက သိရသည်။

ကမမောင်း(ပြန်/ဆက်)

ကယားပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

လွိုင်ကော် မေ ၉

ကယားပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ထောက်ပံ့ငွေ၊ အခြေခံစားသောက်ကုန်များ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးက ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ဆန်၊ ဆီ၊ ပဲနှင့် အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာ ယာယီခိုလှုံရာ စခန်းအသီးသီးမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် တက်ရောက်လာကြသော ယာယီတိုက်ပွဲရှောင် ပြည်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ထောက်ပံ့

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ယာယီတိုက်ပွဲရှောင် ပြည်သူများအား ထောက်ပံ့ပေးခဲ့မှုသည် ယနေ့အထိ ဆဌမအကြိမ် ရှိခဲ့ပြီး ယနေ့အခမ်းအနားတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် အခြေခံစားသောက်ကုန်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့ငွေများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ် အတွင်းရှိ ယာယီခိုလှုံရာ စခန်းများရှိ ယာယီတိုက်ပွဲရှောင် ပြည်သူ ၁၂၆၂၀ အတွက် အခြေခံစားသောက်ကုန်များ ဖြစ်သော ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ အပါအဝင် စုစုပေါင်းထောက်ပံ့ငွေ ကျပ် ၁၁၁၉ သိန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

စစ်ကိုင်းတိုင်းဒေသကြီး၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မုံရွာ မေ ၉

မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့်ချောင်းဦးမြို့တို့သို့ ရောက်ရှိနေထိုင်လျက်ရှိသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အခြေခံ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်က ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးများကို ယာယီတိုက်ပွဲရှောင်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့် ချောင်းဦးမြို့တို့သို့ ရောက်ရှိနေထိုင်လျက်ရှိသည့် ယာယီတိုက်ပွဲရှောင် ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန် ၁၁၂၄ အိတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ကြက်ဥ အလုံး ၄၅၇၀၊ ခေါက်ဆွဲခြောက်ထုပ် ၄၅၇၀၊ ကြက်သွန်နီ ၄၅၇ ပိဿာ၊ အာလူး ၄၅၇ ပိဿာ၊ ကျောင်းဝတ်စုံ ၁၅၀၊ ဗလာစာအုပ် ဒါဇင် ၁၅၀ နှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံး ၉၁၄ ပုံးတို့ကို အိမ်ထောင်စု ၉၁၄ စု၊ လူဦးရေ ၃၃၇၂ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံပွဲ ကျင်းပ

မြစ်ကြီးနား မေ ၉

ကချင်ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများ နေရပ်ပြန်လည် နေထိုင်နိုင်ရေး၊ ပြန်လည် နေရာချထားရေးနှင့် ယာယီ ခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၇ ရက် မွန်းလွဲ ၂ နာရီက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မိုင်းနားစိန့်ဂျိုးဇက်စခန်းမှ ပြန်လည်နေရာချထားပေးသည့် ဆွတ်ကြိုင်ကျေးရွာသို့ သွားရောက် ကွင်းဆင်းခဲ့ကြသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာ ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အဆိုပါကျေးရွာရှိ အစမ်းနိန်ဂျားရှရောတ် ခန်းမဆောင်၌ ရွေ့ပြောင်းနေထိုင်ကြသည့် အိမ်ထောင်စု ၃၄ စုနှင့် တွေ့ဆုံပွဲ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က ကျေးရွာသစ်အတွက် မြေအသုံးချမှု အခြေအနေများ၊ အိမ်ထောင်စုများအတွက် နေရာချထားပေးသည် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာတာဝန်ခံနှင့် အိမ်ထောင်စုများက ကျေးရွာအတွင်း လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် အိမ်ထောင်စုများ၏ နေအိမ်များနှင့် အိမ်ထောင်စုများ၏ လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

စစ်တွေ မေ ၉

ရခိုင်ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ပိုင်းက စစ်တွေမြို့ အလိုတော် ပြည့် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းနှင့် ဗုဒ္ဓါမော် ဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာစခန်းများမှ တိုက်ပွဲရှောင် ပြည်သူများအတွက် ဆန်၊ ကျောင်းစိမ်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် Family Kit များ ထောက်ပံ့ပေးအပ်ပြီး ယာယီတိုက်ပွဲရှောင် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ အိမ်ထောင်စု ၇၁ စု၊ လူဦးရေ ၂၅၀ နှင့် ဗုဒ္ဓါမော်ကျောင်းတိုက်ရှိ အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၂၄၁ ဦး စုစုပေါင်း အိမ်ထောင်စု ၁၃၀၊ လူဦးရေ ၄၉၁ ဦးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့က ဆန် ၁၅၄ အိတ်၊ ကျောင်းစိမ်းဝတ်စုံ ၁၀၀၊ ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ပစ္စည်း ၁၇ မျိုးပါ Family Kit များကို လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၉

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ ရန်ကုန်-ပဲခူးလမ်းမကြီး၊ အမှတ်(၈၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ အလံပုံစံ

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၉

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေး

နေပြည်တော် မေ ၉

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယား ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၇၁ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၈၅ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၆၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင်လေတပ်စခန်း ဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့က စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့တွင် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ရဟတ်ယာဉ်/ Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာနည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန

“၂၀၂၃ -၂၀၂၄ ပညာသင်နှစ်”

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံ့ပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော် GTI မှ ကျောင်းသား ကျောင်းသူများ နေပြည်တော် - တပ်ကုန်းရှိ MRTV သို့ လာရောက်လေ့လာ

နေပြည်တော် မေ ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော် GTI မှ ပထမနှစ် ကျောင်းသား ကျောင်းသူ ၄၀ သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် ပင်မအဆောက်အအုံနှင့် ရေဒီယိုအသံလွှင့်စက်ရုံ(၁)တို့တွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တာယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

MRTV

အားကောင်းသောလေဖိအားနည်းရပ်ဝန်း အခြေအနေ

(၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်နေ့ မြန်မာစံတော်ချိန် ည(၇:၀၀)နာရီအချိန်ထုတ်ပြန်ချက်)

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပွလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီးနောက် ခြောက်နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ (၁၀-၅-၂၀၂၃) ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ကပွလီပင်လယ်ပြင်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားပြီး (၁၁-၅-၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်- အရှေ့မြောက်ဘက်သို့ကွေ့ကာ ဘင်္ဂလားဒေ့ရှ်-မြန်မာ ကမ်းရိုးတန်းသို့ ရွှေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ (၁၁-၅-၂၀၂၃)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်ပြီး (၁၂-၅-၂၀၂၃)ရက်နေ့မှ (၁၄-၅-၂၀၂၃)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၇၀ မှ မိုင် ၈၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့-မွန်တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

(၁၁.၅.၂၀၂၃)ရက်နေ့မှ (၁၅.၅.၂၀၂၃)ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်ဟု ခန့်မှန်းရပါသည်။

အကြံပြုချက်

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဖွင့်ပွဲ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်

ပဲခူး မေ ၉

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းနှင့် တောင်ငူလမ်းဆုံ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးနှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးစိုးလွင်တို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်

ပုသိမ် မေ ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"ဖြစ်ပြီး မေ ၂၃ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ထားဝယ်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူ

ထားဝယ် မေ ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းအပ်နှံရေးဆိုင်ရာ မြေစိုက်ပိုစတာဆိုင်းဘုတ်ကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းအပ်နှံရေး ပိုစတာဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူပွဲသို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကျိုက်ထိုမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ

ကျိုက်ထို မေ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် "ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ် ပညာရေးမှူးရုံးရှေ့၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဦးမောင်ညိ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးမိုးအေးနှင့် တာဝန်ရှိသူများက ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း ဆောင်ရွက်ကြသည်။

အဆိုပါဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

မအူပင်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

မအူပင် မေ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယနေ့ နံနက် ၇ နာရီက ရေလဲလမ်းနှင့် မြို့ရှောင်လမ်းထိပ်တွင် စိုက်ထူခဲ့ကြသည်။

ဦးစွာ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ အဖွဲ့ဝင်(၃) ဦးခင်မောင်အေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်တို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ " ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စိုက်ထူခဲ့ကြသည်။

အဆိုပါကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ အဖွဲ့ဝင်(၃) ဦးခင်မောင်အေး၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး

၂၀၂၃ ခုနှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလမှာ မေ ၂၃ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လက်ပံတန်းမြို့၌ ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

လက်ပံတန်း မေ ၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ (၁)လမ်းအဝိုင်းကြီးအနီး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင် ဦးတင်စိုးရှိန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဌမ္မာဦးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များ တက်ရောက်ကြပြီး ကျောင်းအပ်နှံရေးသီတင်းပတ်ပိုစတာကို တပျော်တပါးစိုက်ထူကြကြောင်း သိရသည်။

အောင်ဆင့်

တနိုင်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ

တနိုင်း မေ ၉

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ် စိုက်ထူခြင်းကို တနိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်လင်း၊ ခရိုင်ပညာရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများက စိုက်ထူပေးခဲ့ကြောင်း သိရသည်။

ပိုင်ထွန်း(တနိုင်း)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စိစံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃီနန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ အေးမြလင်းသည် ၎င်းအသုံးပြုသည့် "Aye Mya Lynn" Facebook အကောင့်၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်နေ သန်းစိုးအောင်(ခ)ဖိုးအေးသည် ၎င်းအသုံးပြုသည့် "Than Soe Aung" Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့နေ ဆွေဆွေနှင်းသည် ၎င်းအသုံးပြုသည့် "Swe Swe Hinn" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၉



တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ မေ ၈ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဗဒ္ဓုလခန်းမ၌ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့၊ နောင်မွန်မြို့နှင့် ဝိုင်းမော်မြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား တာဝန်ရှိသူများက ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများ ထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ် တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ အသင့်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဇာတ်တိုက်လေ့ကျင့်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ စစ်ရေးပြကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တောင်ကြီးမြို့ ကျောင်းကြီးစုရုပ်ကွက် အဝေရာမီးပုံးပျံကွင်း၌လည်းကောင်း စုဖွဲ့၍ ဒေသအသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ် ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာမြို့၊ ငွေဆောင်မြို့၊ ပုသိမ်မြို့၊ သာပေါင်းမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် မောင်လမြိုင်ကျွန်းမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ်မြို့ဟောင်းရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၊ ဗဟိုသိုလှောင်ရုံ(မန္တလေး)၊ မဟာအောင်မြေမြို့နယ်ရှိ ဗဟိုဆေးသိုလှောင်ရေးဌာနနှင့် ပြင်ဦးလွင်မြို့နယ်တို့၌လည်းကောင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၉

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကြိုတင်ပြင်ဆင်လျက်

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိကျောက်တော်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ စစ်တွေမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ပေါက်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ မောင်တောမြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်၊ အမ်းမြို့နယ် စသည့်မြို့နယ် ၁၄ ခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေပြည်သာမြို့နယ်နှင့် လှိုင်မြို့နယ် စသည့် မြို့နယ် နှစ်ခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် ဟသံ်တမြို့နယ်စသည့် မြို့နယ် ကိုးခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် အသင့်ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအလိုက် ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြစဉ်။

ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနရုံးတွင် ကယ်ဆယ်ရေးပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

အလုံမြို့နယ် အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကယ်ဆယ်ရေးပစ္စည်းများ စုဖွဲ့ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်နေစဉ်။

ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာအသင်း ရွှေနှစ်ခုစလုံး ရယူ

ရန်ကုန် မေ ၉

(၃၂)ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားနှစ်ခုစလုံးတွင် မြန်မာအသင်းက ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် Event-4 ပြိုင်ပွဲနှစ်ခု ထည့်သွင်းကျင်းပပြီး အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၉၃ မှတ်ဖြင့် ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ကြေးတံဆိပ်ရရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၁၀၁ မှတ်ဖြင့် ရွှေတံဆိပ်၊ ထိုင်းအသင်းက ၈၆ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ရမှတ် ၄၅ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ပြိုင်ပွဲအမျိုးအစားရှစ်မျိုး

ခြင်းလုံး အားကစားနည်းကို ပိုက်ကျော်ခြင်း အားကစားနည်းအောက်တွင် ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲအမျိုးအစား ၁၁ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ မြန်မာခြင်းလုံးအသင်းသည် ပြိုင်ပွဲအမျိုးအစားရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ ရှစ်မျိုးစလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့သည်။

ခြင်းလုံးပြိုင်ပွဲအပြီးတွင် မြန်မာအသင်းက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ပြီး အိမ်ရှင် ကမ္ဘောဒီးယားအသင်းက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ ထိုင်းအသင်းက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု၊ လာအိုအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ငါးခု၊ မလေးရှားအသင်းက ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

သတင်း – ရွှင်းထက်ဇော်
ဓာတ်ပုံ – အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန

ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသားခြင်းလုံးအသင်း။

ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာဗိုဗီနမ်အဖွဲ့ ငွေတစ်ခု၊ ကြေးလေးခု ထပ်မံဆွတ်ခူး

နေပြည်တော် မေ ၉

(၃၂)ကြိမ်မြောက် ဆီးဂိမ်းဗိုဗီနမ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့က ငွေတစ်ခု၊ ကြေး လေးခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး ၅၀ ကီလိုတန်းတွင် နှင်းသက်ဝေ၊ ကြေးတံဆိပ်ဆုများကို အမျိုးသမီး နှစ်ယောက်တွဲ ဓားမြောင်အတိုက်ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်နှင့် အိန္ဒြေဖူးအတွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ ဓားရှည်အတိုက်အပြပြိုင်ပွဲတွင် စုဝတီဌေးနှင့် အိန္ဒြေဖူးအတွဲ၊ အမျိုးသမီး ဓားမြောင်နှစ်လက် အပြပြိုင်ပွဲတွင် ခိုင်ဝါဖူးနှင့် အမျိုးသား လေးယောက်တွဲ လက်နက်ပါအပြပြိုင်ပွဲတွင် ထွန်းဝင်းနိုင်၊ မျိုးထက်ဇော်၊ မနားကိုးနှင့် အိုက်စိုးလင်း အတွဲတို့က ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲကို မေ ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲအမျိုးအစား ၃၀ ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတံဆိပ်လေးခု၊ ငွေ တံဆိပ်သုံးခု၊ ကြေးတံဆိပ် ၁၇ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၄) နေရာရခဲ့ပြီး အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ရွှေ ၁၀ ခု၊ ငွေရှစ်ခု၊ ကြေးကိုးခုဖြင့် နိုင်ငံအလိုက် ပထမနေရာ၊ ဗီယက်နမ်အဖွဲ့က ရွှေခုနစ်ခု၊ ငွေ ၁၂ ခု၊ ကြေးတစ်ခုဖြင့် ဒုတိယ၊ ထိုင်းအဖွဲ့က ရွှေငါးခု၊ ငွေသုံးခု၊ ကြေးရှစ်ခုဖြင့် တတိယနေရာ ရပ်တည်ခဲ့သည်။ **ကိုညီလေး**

ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ဆီမီးဖိုင်နယ် တက်ရောက်ပြီး စနူကာ 6 Reds ပြိုင်ပွဲတွင် ဟိန်းလွင်မိုး ကြေးတံဆိပ်ဆုရ

ရန်ကုန် မေ ၉

ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၉ ရက်က ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ဘုန်းမြင့်ကျော်သည် ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားနိုင်ငံသား အစ္စမေးလ်နှင့် ယှဉ်ပြိုင်ကစားရာ ၉-၆ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားနှစ်ဦးသည် ပွဲငယ် ၁၅ ပွဲအထိ ကစားခဲ့ရပြီး ပွဲငယ်လေးပွဲအထိ တစ်ပွဲစီ အပြန်အလှန်အနိုင်ရခဲ့သည်။ ပဉ္စမနှင့် ဆဋ္ဌမ ပွဲငယ်တွင် ဘုန်းမြင့်ကျော်က နှစ်ပွဲဆက်အနိုင်ရကာ ဦးဆောင်နိုင်ခဲ့ပြီး ပွဲငယ်ခုနစ်ပွဲမြောက်တွင် အစ္စမေးလ်ပြန်လည်အနိုင်ရသော်လည်း ပွဲငယ် ရှစ်ပွဲမြောက်နှင့် ကိုးပွဲမြောက်တွင် ဘုန်းမြင့်ကျော်က နှစ်ပွဲဆက် ထပ်မံအနိုင်ရကာ ပြတ်ပြတ်သားသား ဦးဆောင်နိုင်ခဲ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်နိုင်ငံသား ငုယင်အန်ကျူးရန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဖိုလ်လုပွဲကို မေ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

စနူကာ 6 Reds အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာကစားသမား ဟိန်းလွင်မိုးသည် မလေးရှားနိုင်ငံသား မိုကန်ဟူးကို ငါးပွဲပြတ် အရေးနိမ့်ပြီး ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

ကိုညီလေး

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၀၀	၁၉၅၀	၁၉၄၅	၁၉၁၀	၁၉၄၅	၁၉၇၀	၁၉၅၅	၁၉၃၅	၂၀၃၀	၂၀၄၅	၁၉၄၀	၁၉၅၀	၁၉၈၅	၁၉၈၅	၁၉၉၀	၂၂၂၀	၂၈၁၀
95 Ron	၁၉၉၅	၂၀၄၅	၂၀၄၀	၂၀၀၀	၂၀၄၀	၂၀၆၅	၂၀၅၀	၂၀၂၅	၂၁၂၅	၂၁၄၀	၂၀၃၅	၂၀၅၀	၂၀၈၀	၂၀၈၀	၂၀၈၅	၂၃၁၀	၂၈၈၅
HSD (500 ppm)	၁၈၈၀	၁၉၃၀	၁၉၃၀	၁၈၉၀	၁၉၃၀	၁၉၅၅	၁၉၅၀	၁၉၁၅	၂၀၃၅	၂၀၃၀	၁၉၂၀	၁၉၃၅	၁၉၆၅	၁၉၇၀	၁၉၇၀	၂၂၀၀	၂၉၀၀
HSD (50 ppm)	၁၉၆၀	၂၀၁၀	၂၀၁၀	၁၉၇၀	၂၀၁၀	၂၀၃၅	၂၀၃၀	၁၉၉၅	၂၁၁၅	၂၁၁၀	၂၀၀၀	၂၀၁၅	၂၀၄၅	၂၀၅၀	၂၀၅၀	၂၂၈၀	၂၉၃၀
HSD (10 ppm)	၁၉၆၀	၂၀၁၀	၂၀၁၀	၁၉၇၀	၂၀၁၀	၂၀၃၅	၂၀၃၀	၁၉၉၅	၂၁၁၅	၂၁၁၀	၂၀၀၀	၂၀၁၅	၂၀၄၅	၂၀၅၀	၂၀၅၀	၂၂၈၀	၂၉၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၇၉၉	၁၈၆၈
95 Ron	၁၈၉၀	၁၉၆၁
HSD (500 ppm)	၁၇၈၅	၁၈၅၀
HSD (50 ppm)	၁၈၅၉	၁၉၂၅
HSD (10 ppm)	၁၈၅၉	၁၉၂၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်(ခွန်ဘိုကာတာ)နှင့် ခြင်းလုံးအားကစားနည်းများမှ ရွှေတံဆိပ်ဆု တစ်ခုစီ ထပ်မံဆွတ်ခူးရရှိ

ကမ္ဘောဒီးယား မေ ၉

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ် (ခွန်ဘိုကာတာ) အားကစားပြိုင်ပွဲပွဲစဉ်များကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဖနောင်ပင်မြို့ရှိ CHROY CHANGVAR HALL (C) ၌ ကျင်းပခဲ့သည်။

ယှဉ်ပြိုင်

အမျိုးသမီး တစ်ယောက်နှင့် အမျိုးသားနှစ်ယောက်တွဲ အတိုက်ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်ပိုင်ဇေယျာဖြိုး၊ မောင်အုံ့ဘွယ်ငြိမ်းနှင့် မနီလာစိုးဦးတို့အတွက ပထမ (ရွှေတံဆိပ်ဆု) ကိုလည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံကလည်းကောင်း၊ ပူးတွဲတတိယ (ကြေးတံဆိပ်ဆု)ကို လာအိုနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်းကောင်း၊ အမျိုးသမီးဓားကောက်စွမ်းရည်ပြ ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မသီဂီဝင်းကျော်က ဒုတိယ (ငွေတံဆိပ်ဆု)၊ အမျိုးသားဓားကောက်စွမ်းရည်ပြ ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်အုံ့ဘွယ်ငြိမ်းက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး သုံးယောက်တွဲ စွမ်းရည်ပြပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မဝတ်ရည်ဦး၊ မမြတ်နိုးဝေနှင့် မသီဂီဝင်းကျော်တို့ အတွက တတိယ (ကြေးတံဆိပ်ဆု)ကို လည်းကောင်း ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် Chroy Changvar Convention Centre, Hall (F) ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ် (အမျိုးသား အမျိုးသမီး) အားကစားပြိုင်ပွဲပွဲစဉ်များကို သွားရောက်ကြည့်ရှုအားပေးခဲ့ရာ အမျိုးသားဓား တစ်လက်အပြ ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်အိုက်စိုးလင်းက ပထမ (ရွှေတံဆိပ်ဆု)ကိုလည်းကောင်း၊ ဒုတိယ (ငွေတံဆိပ်ဆု)ကို ဗီယက်နမ်နိုင်ငံက လည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု)ကို အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊ အမျိုးသား တုတ်ရှည်အပြ ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်တင်ထူးဇော်က ဒုတိယ (ငွေတံဆိပ်ဆု)၊ အမျိုးသမီး ဓားမောက်အပြ ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မအိန္ဒြေဖူးက ဒုတိယ (ငွေတံဆိပ်ဆု)။ အမျိုးသား ဓားမြှောင်အတိုက် ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်အောင်ခိုင်လင်းနှင့် မောင်ဟိန်းထက်အောင်တို့အတွက် တတိယ (ကြေးတံဆိပ်ဆု)၊ Females Self-Defence (အမျိုးသား အမျိုးသမီး) အပြ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်အောင်ခိုင်လင်းနှင့် မချစ်နိုဒီ ဆောင်းတို့အတွက် တတိယ (ကြေးတံဆိပ်ဆု)ကိုလည်းကောင်း ရရှိခဲ့ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Basketball Hall NSTC ၌ ကျင်းပလျက်ရှိသည့် (အမျိုးသား အမျိုးသမီး) ခြင်းလုံးအားကစားပြိုင်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ခြင်းလုံး (အမျိုးသား အမျိုးသမီး) Linking Event-3 ပြိုင်ပွဲတွင် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မလဲ့ဝတီဇော်၊ မောင်အောင်မြင့်မြတ်၊ မနှင်းဝတ်ရည်ဗိုလ်၊ မောင်အောင်နိုင်ဖြိုးဟန်၊ မရှန်းလဲ့ဝေ၊ မောင်သော်ဝေဇင်၊ မငြိမ်းအိမွန်၊ မောင်စိုင်းဇော်ဇော်တို့အတွက ရမှတ် ၄၅၉ မှတ်ဖြင့် ပထမ (ရွှေတံဆိပ်ဆု) ကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို လာအိုနိုင်ငံကလည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း၊ ခြင်းလုံး (အမျိုးသား) Linking Event-3 ပြိုင်ပွဲတွင် လာအို၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်စိုင်းဇော်ဇော်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်မင်းခန့်ဝင်း၊ မောင်အောင်နိုင်ဖြိုး၊ မောင်သူရိန်လင်း၊ မောင်ရူဝံကျော်၊ မောင်ခန့်ဝင်းဟိန်းနှင့် မောင်ကောင်းမြတ်သီဟတို့အတွက ရမှတ် (၄၀၇) မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်ဆု၊ ခြင်းလုံး (အမျိုးသမီး) Linking Event-3 ပြိုင်ပွဲတွင် ထိုင်း၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မမှုံ့နုံ့သာ၊ မလဲ့ဝတီဇော်၊ မမေဖူးဟန်၊ မရှန်းလဲ့ဝေ၊ မမေဖြိုးစံ၊ မနှင်းဝတ်ရည်ဗိုလ်၊ မငြိမ်းအိမွန်နှင့် မခိုင်သဇင်ဖြိုးတို့အတွက ရမှတ် ၃၀၉ မှတ်ဖြင့် ဒုတိယ (ငွေတံဆိပ်ဆု) ကိုလည်းကောင်း ရရှိခဲ့ကြသည်။

မေ ၈ ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များတွင် ဗိုဗီနမ်(ခွန်ဘိုကာတာ)၊ စစ်တုရင်၊ ဗိုဗီနမ်၊ ခြင်းလုံး၊ ဘိလိယက်၊ ပြေးခုန်ပစ်၊ ခွန်ခမာ၊ ဘော်လီဘောနှင့် လက်ဝှေ့အားကစား ပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ငါးခု ထပ်မံရရှိခဲ့ကြသည်။

သတင်းစဉ်

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၉-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁။	ထိုင်း	၄၀	၃၀	၄၅	၁၁၅
၂။	ဗီယက်နမ်	၃၉	၃၉	၄၆	၁၂၄
၃။	ကမ္ဘောဒီးယား	၃၉	၃၉	၃၉	၁၁၇
၄။	ဖိလစ်ပိုင်	၂၅	၃၉	၄၂	၁၀၆
၅။	အင်ဒိုနီးရှား	၂၅	၂၂	၅၂	၉၉
၆။	စင်ကာပူ	၂၀	၁၅	၁၈	၅၃
၇။	မလေးရှား	၁၅	၁၅	၃၂	၆၂
၈။	မြန်မာ	၁၁	၈	၂၈	၄၇
၉။	လာအို	၅	၉	၂၉	၄၃
၁၀။	ဘရူနိုင်း	၀	၁	၂	၃
၁၁။	တီမောလက်စ်တေ	၀	၀	၂	၂

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၉.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

(၁၆:၀၀)နာရီ

စဉ်	အားကစားနည်း	ဆုရရှိမှု				မှတ်ချက်
		ရွှေ	ငွေ	ကြေး	စုစုပေါင်း	
၁	ဗိုဗီနမ်	၄	၃	၁၇	၂၄	
	ဗိုဗီနမ် (ခွန်ဘိုကာတာ)	၁	၂	၆	၉	
၂	ခြင်းလုံး	၄	၃	၁	၈	
၃	ဘိလိယက်/စနူကာ	၁		၁	၂	
၄	ပီတန်း	၁			၁	
၅	စစ်တုရင်			၂	၂	
၆	ပြေးခုန်ပစ်			၁	၁	
	စုစုပေါင်း	၁၁	၈	၂၈	၄၇	

☆ ကျော်ဖိုးမှ

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မေဇင်နွယ် (ဂိုး)၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ ပုံ့ပုံ့ပြည့်မောင်၊ ခင်ဝိုမိုထွန်း၊ ခင်မာလာထွန်း၊ လင်းမြင့်မိုရ်၊ ရူပါခိုင်၊ ဂျူလိုင်ကျော်တို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်လည်း လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ပွဲအစ သုံးမိနစ်မှာပင် ဂျူလိုင်ကျော်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး ၂၉ မိနစ်တွင် ခင်မာလာထွန်း၊ မိနစ် ၄၀ တွင် ဂျူလိုင်ကျော်တို့က ဂိုးများထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ၅၉ မိနစ်တွင် အင်တန်ကမလေးရှားအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း လူစားဝင်ကစားသမား စန်းသော်သော်က ၆၃၊ ၈၃ မိနစ်များတွင် နှစ်ဂိုးထပ်မံ သွင်းယူခဲ့သဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ရမှတ်ခြောက်မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ အုပ်စု (ခ) နောက်ဆုံးနေ့တွင် ထိုင်းအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းက လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ထိုင်းအသင်းက ဂိုးမှတ်ဖြင့် အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ကို မေ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ဗီယက်နမ်အသင်းနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - FAM

❍ ဆီးဂိမ်းမှ

ဗိုလ်လုပွဲတွင် ပေါက်စသည် စင်ကာပူနာမည်ကြီး ဘိလိယက်ကစားသမား ပီတာဂေးလ်ခရစ်နှင့် တွေ့ဆုံခဲ့ပြီး သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ဗိုလ်လုပွဲတွင် တည်ငြိမ်သည့် လက်စွမ်းဖြင့် ပွဲငယ်သုံးပွဲဆက်တိုက် အနိုင်ရရှိအောင် စွမ်းဆောင်ပြီး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ပထမပွဲငယ်တွင် ၁၀၀-၁၂ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၀-၇၆ မှတ်၊ တတိယပွဲငယ်တွင် ၁၀၁-၇၈ မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပေါက်စသည် ဆီးဂိမ်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး (၃၁) ကြိမ်မြောက်နှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ ယခင်ကဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ်က ခြောက်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူပြီး ကြီးစိုးထားသော်လည်း ပေါက်စက ပြီးခဲ့သည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပီတာဂေးလ်ခရစ်ကို အနိုင်ယူပြီး ရပ်တန့်ခဲ့သလို ယခုနှစ် ဗိုလ်လုပွဲတွင်လည်း ထပ်မံအနိုင်ယူခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ကွာတားဖိုင်နယ်တွင် ဗီယက်နမ်ကစားသမား ဗန်ငုယင်ထရန်ကို သုံးပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမား ယူတာပေါ့ကို သုံးပွဲ-တစ်ပွဲ၊ ဗိုလ်လုပွဲတွင် စင်ကာပူကစားသမား ပီတာဂေးလ်ခရစ်ကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအစုအဖွဲ့များ ကြိုတင်ပြင်ဆင်ထားမှု၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၉

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ သွားရောက်၍ အရေးပေါ်သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးဆိုင်ရာအဖွဲ့များ ဖွဲ့စည်းထားမှု၊ ယာဉ်၊ စက်ယန္တရားကြီးများနှင့် ရာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းကိရိယာများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့ဟောင်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး ကယ်ဆယ်ရေး သွားရောက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပစ္စည်းသိုလှောင်ရုံနှင့် ဗဟိုသိုလှောင်ရုံ(မန္တလေး)သို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပစ္စည်းများ ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဒေါက်တာဝင်းနိုင်နှင့် ဒေါက်တာကျော်ကံကောင်း (ရောဂါနှိမ်နင်းရေး) တို့က သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုများအား ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သိုလှောင်ထားရှိမှု၊ ထုတ်ယူသုံးစွဲမှုနှင့် အလေအလွင့်မရှိစေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာ၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

ဟိုင်းကြီးကျွန်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာတွင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုများ မရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပမ္ဘဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့ မွန်းလွဲ ၁ နာရီတွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပမ္ဘဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်တင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇီးချိုင်ကျေးရွာရှိ ဆိုင်ကလုန်းရုက်တာသို့ သွားရောက်၍ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ပြည်သူများ ဘေးကင်းစွာခိုလှုံနေထိုင်နိုင်ရန် ပြင်ဆင်ထားရှိမှုများ၊ သောက်သုံးရေရရှိနိုင်ရန် သိုလှောင်ပြင်ဆင်ထားရှိမှုများနှင့် စားနပ်ရိက္ခာများ စနစ်တကျသိမ်းဆည်းထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပမ္ဘဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်တင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇီးချိုင်ကျေးရွာရှိ ဒေသခံရွာသူရွာသားများနှင့်တွေ့ဆုံ၍ ဇီးချိုင်ကျေးရွာသည် ပင်လယ်ကမ်းနားတွင် တည်ရှိသောကြောင့် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ရေလွတ်ရာကုန်းမြင့်ရှိခိုလှုံနိုင်သောနေရာများ၊ ဆိုင်ကလုန်းရုက်တာများ၊ ဘုန်းတော်ကြီးကျောင်းများသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ အကူအညီများ လိုအပ်ပါက အချိန်မရွေးတောင်းခံကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

ကျောက်တန်း မေ ၉

သဘာဝဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မေ ၉ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်စီမံအဖွဲ့ဝင်(၁) ဗိုလ်မှူးတေဇာမြင့်၊ မြို့နယ်လုံခြုံရေးတပ်ဖွဲ့မှူးဗိုလ်မှူးနန်းဦး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးHကံထူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဝ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မုန်တိုင်းနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ဆောင်ရန်၊ ရှောင်ရန်၊ စုရပ်များသတ်မှတ်ခြင်း၊ ရိက္ခာ၊ ဆေးဝါးနှင့် အခြားအထောက်အကူပြုပစ္စည်းများ စုဆောင်းရမည့် ကိစ္စများ၊ သတင်းစဉ်ဆက်မပြတ်စေရေးနှင့် မုန်တိုင်းမတိုင်မီ၊ မုန်တိုင်းတိုက်ခတ်နေစဉ်နှင့် မုန်တိုင်းတိုက်ခတ်ပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များ မှာကြားခြင်းနှင့် အခြားလိုအပ်သည်များ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်ဝင်းတင်

မိုင်းဆတ်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မေ ၈ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် နေအိမ်အချို့ ပျက်စီးခြင်း၊ လမ်းမီးတိုင်များ လဲကျခြင်းနှင့် သစ်ပင်သစ်ကိုင်းများ လမ်းများပေါ်သို့ ကျိုးကျမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် နေအိမ်များအား ပြန်လည်ပြုပြင်ပေးခြင်း၊ လမ်းမီးတိုင်များ ပြန်လည်စိုက်ထူပေးခြင်း၊ ကျိုးကျခဲ့သည့် သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမာရွတ်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်

ကမာရွတ် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အသင့်စုဖွဲ့ထားရှိမှုနှင့် ရေပြင်ရှာဖွေကယ်ဆယ်ခြင်း

ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခြင်းတို့ကို မေ ၇ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြင့်သူက မုန်တိုင်းမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပေးနှိုးဆော်ခြင်း၊ မုန်တိုင်းကျရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးနှင့် စားဝတ်နေရေးများ ကူညီဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်နေမှုများအား ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝင်းဝင်းထွန်းက မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေး ကမာရွတ်မြို့နယ် မီးသတ်စခန်းတွင် လူ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုအား ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV – HD)မှ အများပြည်သူဟော်ရွှင်မှု ဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၁၂-၅-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် (၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်များ အတွက်) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရွှေကြိုမောင်မယ်များဖြင့် Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို "လူငယ်များရဲ့ Song Stars" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၁၂-၅-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"လူငယ်များရဲ့ Song Stars" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	နွေကျောင်းပိတ်ရက်မလိုချင်	ပြင်ပအဆိုရှင်
၂။	ရွှေရုပ်လေးကောက်ရသူ	ပြင်ပအဆိုရှင်
၃။	စိတ်ကူးလေးရွက်လွှင့်မယ်	ပြင်ပအဆိုရှင်
၄။	အရာရာတိုင်းထက်	ပြင်ပအဆိုရှင်
၅။	မလိုအပ်ဘူး	ပြင်ပအဆိုရှင်
၆။	ရည်းစားဦး	ပြင်ပအဆိုရှင်
၇။	အလှသစ္စာတရား	ပြင်ပအဆိုရှင်
၈။	တောင်ယာဝင်ချိန်	ပြင်ပအဆိုရှင်
၉။	ရက်စက်သွားသူ	ပြင်ပအဆိုရှင်
၁၀။	ရိုးရှင်းသောဘဝ	ပြင်ပအဆိုရှင်

ကျွှမ့် အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရုပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(၉-၅၉၈၈)၊ ဒေါ်စိုးစိုးမော်၊ အဘအမည် ဦးကျော်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/မရက(နိုင်)၀၈၃၅၈၊ အမည်ပေါက်၊ ပါမစ်မြေကွက်ကို၊ ဦးစိုးတေဇာအေး၊ အဘအမည်၊ ဦးဘလှအေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/လရန(နိုင်)၁၀၈၃၉၃ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျိန်မူရင်းနှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆီ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၆၉၊ နဝဒေးလမ်း၊ မြေကွက်အမှတ်-၈၇၀၊ (ဒေါ်မြင့်ရီ AC-၀၅၉၃၃၈၆ အမည်ပေါက်) အကျယ် (၄၀၀x၆၀၀ပေ)ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ် ရသေးသော (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၈၆၉)နှင့်ကပ်လျက်ရှိသော အကျယ်(၂၀ပေ x ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဖြိုးဖြိုးလှိုင် (၁၁)ဦးမောင်စီ [၁၂/ဒဂတ(နိုင်)၀၉၂၇၀၁]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်(စဉ်-၆၁၂၄) **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၈၇၉၁)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၄၄၄၀၁၊ ၀၉-၇၇၅၄၄၄၀၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀.၀၅၅ ဧက၊ မြေကွက်အမှတ်(၉-၇၄၄)၊ ဦးစိုင်းကျော်သူ ၃/မဘန(နိုင်)၀၉၈၅၇၂ (ဘ) ဦးစိုင်းစံအေး၊ အမည်ပေါက်နှစ်ခု၀ မြောက်စာချုပ်မြေကွက်ကို ဦးပြည့်စုံဝင်း ၁၀/မဒန(နိုင်)၁၆၀၅၈၅ (ဘ) ဦးခင်မောင်ဝင်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၇၆၁/၂၀၂၂(၁၃-၁၂-၂၀၂၂)တင်ပြ၍ ဒေါ်ကြည်ကြည်သန့်၅/၀လန(နိုင်)၁၀၁၉၂၂ (ဘ) ဦးညွှန့်ဌေးအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆီ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၆၉၊ နဝဒေးလမ်း၊ မြေကွက်အမှတ်-၈၇၀၊ (ဒေါ်မြင့်ရီ AC-၀၅၉၃၃၈၆ အမည်ပေါက်) အကျယ် (၄၀၀x၆၀၀ပေ)ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ် ရသေးသော (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၈၆၉)နှင့်ကပ်လျက်ရှိသော အကျယ်(၂၀ပေ x ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဖြိုးဖြိုးလှိုင် (၁၁)ဦးမောင်စီ [၁၂/ဒဂတ(နိုင်)၀၉၂ ၇၀၁]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ချစ်(စလင်း) LL.B **ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
Ph:09-954280932 **LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)တကောင်း(၅)လမ်း၊ **WIPO(Switzerland)**
(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ **Ph:09-420080932,09-983837110**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/တောင်) ရပ်ကွက်၊ အောင်သစ္စာ(၈)လမ်း၊ မြေကွက်အမှတ်(၇၂၀-က+ခ)ဟုခေါ်တွင်သော (အလျားလေးပေx၆၀ပေ)အကျယ်အဝန်းရှိ (၁) ဦးခေါ်ဝင်း [၁၂/ သဃတ(နိုင်)၀၇၈၆၁၆]၊ (၂)ဦးမျိုးအောင်(TKA-၀၇၆၀၄၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော၊ ခြေရင်းဘက်ခြမ်း၊ (အလျား၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်စုစုဆင့်[၁၂/သဃတ(နိုင်)၁၅၀၄၂၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးမောင်မောင်ချစ်(စလင်း) LL.B **ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
Ph-09954280932 **LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ **WIPO(Switzerland)**
(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ **Ph:09-420080932,09-983837110**

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပဦးတွန်းဇသာ မီးများကို နေ့အလင်းရောင်ရှိနိုင်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ခေချွေတာပါ၊

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်းနှင့်ဈေးလမ်းထောင့်၊ အမှတ်(၃၅)၊ (၁)ခန်းတည်း (၈)ထပ်တိုက်၏ ဆဋ္ဌမထပ် (၇လွှာ) တိုက်ခန်းသည် ဒေါ်ခင်မြလွင် [၁၂/လမန(နိုင်)၀၂၇၁၂၇]နှင့် ဒေါ်ခိုင်ဇာပွင့် [၁၂/မရက(နိုင်)၀၀၀၂၃]တို့မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ(စဉ်-၇၁၂၄) **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၈၇၉၁)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၄၄၄၀၁၊ ၀၉-၇၇၅၄၄၄၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဧရယ္ယာအေးမြ(၁)လမ်း၊ မြေကွက်အမှတ်(၆၇၁)ဟုခေါ်တွင်သော(အလျား၄၀ပေx အနဲ၆၀ပေ)အကျယ်အဝန်းရှိ ဦးသန်းရွှေ(YKN- ၀၁၄၄၁၈) အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင်အကျိုး ခံစားခွင့် အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ်(၆၉၇၀/၂၀၂၂)အရပိုင်ဆိုင်သူများဖြစ်သော (၁)ဒေါ်အေးအေးသိန်း[၁၂/ဒဂမ(နိုင်)၀၄၄၁၂၄]၊(၂)ဦးမောင်ကိုကို[၁၂/ရကန(နိုင်)၀၅၅စ၄]တို့ထံမှ အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိ၀ယ်ယူပိုင်ဆိုင်ထားသူဦးညီညီလတ်[၆/သရခ(နိုင်)၀၄၃၃၂၂]မှ ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ချစ်(စလင်း) LL.B **ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
Ph:09-954280932 **LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)တကောင်း(၅)လမ်း၊ **WIPO(Switzerland)**
(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ **Ph:09-420080932,09-983837110**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် (ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ)ဖြင့် မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး) မှ အောက်ဖော်ပြပါ အကြီးစားမွမ်းမံပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

	စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
	(က)	မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး) တောင်ကြီးမြို့ တောင်ကြီးနှင့်တောင်ကြီးခရိုင်ဘဏ်ခွဲ၊ အကြီးစားမွမ်းမံပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ	
	၂။	တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်	- (၁၂ -၅-၂၀၂၃) (သောကြာနေ့)မှ (၂၅ -၅-၂၀၂၃) (ကြာသပတေးနေ့) ထိ
			- နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ
	၃။	တင်ဒါလျှောက်လွှာ၀ယ်ယူ တင်သွင်းရမည့်နေရာ	- မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး) တောင်ကြီးမြို့
	၄။	တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်နေရာ	- ထပ်မံအကြောင်းကြားပါမည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး)၊ တောင်ကြီးမြို့၊ ဖုန်း - ၀၈၁-၂၀၁၉၃၅၊ ၀၈၁-၂၀၁၉၃၆၊ ၀၈၁-၂၀၂၂၁၅၆ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးလုပ်ငန်းကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းနိုင်ဦး (ဘ) ဦးရှိန် မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၄၀၂၉၆] ကိုင်ဆောင်သူ၏ မြစ်တွင်းသွား လုပ်သက်စာအုပ်(ရန်-စ၄၀၂/၁၄)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-790978235

အမည်ပြောင်း

သထုံမြို့နယ်၊ ကြာပန်းကျေးရွာနေ ဦးနေဝင်းလှိုင်[၁/မကန(နိုင်)၀၇၅၂၁၆]၏ သားဖြစ်သူ မောင်ကောင်းခန့်ကျော်အား မောင်ကျော်ဝေယံပိုင် ဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကျော်ဝေယံပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ ဆရာတင်လမ်း၊ မြေကွက်အမှတ်- ၅၀၀၊ အကျယ် (၄၅ ပေ x ၆၀ ပေ) ၊ ဧရိယာ-၀. ၀၆၂ ဧကရှိ ဒေါ်ဥမ္မာခင် [၁၂/ကကက(နိုင်)၀၀၀၅၃၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နေ၁ဝေဖြူစင်သဲမိုး [၁၂/အစန(နိုင်)၁၉၈၃၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)
ဖုန်း-၀၉- ၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၁၂၂၅၆
အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉- ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျိုးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ပုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိ်ဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထိုး၊ ရုပ်ပွားဆင်းတုတော်ထိုး၊ မြန်မာ့ရိုးရာတည်ထိုးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၃၂၀ ဆူ	၃၂၀	-
၂။	သာသနာ့ဝိဟာရ်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၄၄ သိန်း	၄၀၈၅၆ သိန်း
၃။	သုမ္ဘာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၅	၁
၄။	ဂေါဟတရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၂ တိုင်	၇ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှခြစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၃ ခန်း	၃၆၂ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၄၄ ခု	၅၀၈ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျင်း	-	၇၅၇၆. ၃၅ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	-	၈၄၇၃ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၄၅ သိန်း	၁၇၃၈၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂၀. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၃ ခု	-	၁၂၃ ခု
၂၁။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လျှုဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၁၀၀၀ စုံ	၅၃၄ စုံ	၄၂၆ စုံ
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လျှုဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၂၂၁ စုံ	၂၇၉ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (စ)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ (၁၃ပေ x ၆၀ပေ)ရှိတိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချွင့်ကြောင်းဝန်ခံကတိပြုသူ ဦးနီးဖြင့်သိနိုး (၁၂/စစန (နိုင်)၁၅၅၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဆွေဆွေသန်း (LL.B., D.I.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၂၅၁၀)

အမှတ် – ၂၈၀/၈၊ ဝဲရွှေမြိုင်လမ်း၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉ – ၄၂၁၀၀၅၅၀၀၊ ၀၉–၇၉၅၅၅၂၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/D)ရပ်ကွက်၊ သုခရတနာလမ်း၊ အမှတ်(၁၀၃၂)နေ ဒေါ်သူသူအောင်[ဖ/ မဟမ(ဧည့်)၀၀၀၁၄၅]တို့ဦးမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/C)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၆၀၀)၊ အိမ်အမှတ်(၂၈)ဟုခေါ်တွင်သော (အလျား ၄၂ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ဦးစန်းမောင်(MMO–၂၅၉၃၁၃) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး အမှုအခင်း အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိဖြင့် အဆိုပြုလာသူ ဒေါ်ခင်နွယ်ဝင်း[၁၂/ကမရ(နိုင်)၀၀၉၅၃၇]၊ ဒေါ်သိန်းသန်းခိုင် [၁၂/ကမရ(နိုင်)၀၃၉၇၇၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအိုင်ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ရည်မွန်အောင်
အထက်တန်းရှေ့နေ (စဉ် – ၅၀၆၁၂)
ရုံးခန်း – အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၄၄၅၅၁၈၈၊ ၀၉–၉၇၉၄၇၀၄၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံဏာသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(၃–၄၉၄၆)၊ မြေဧရိယာ(၀.၈၅၂)ဧကရှိ ဒေါ်ခင်ရီ(ဘ)ဦးဖိုးဝိုင် [ဖ/လဝန(နိုင်)၀၂၀၀၆၁] အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဒေါ်ခင်ရီမှ မြေပေးမိန့်(မိတ္တူ)၊ ပျောက်ဆုံးကြောင်း တရားရုံးမှတ်ပုံတင်ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေပေးမိန့်မိတ္တူမှန်ကို ဒေါ်ခင်ရီ(ဘ) ဦးဖိုးဝိုင်[ဖ/လဝန(နိုင်)၀၂၀၀၆၁]အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၃၁၄၇၊ ၃၁၄၈၊ ၃၁၄၉၊ ၃၁၅၀၊ ၃၁၅၃)၊ ဧရိယာ(၀.၁၁၀)ဧကစီရှိ ဦးနိုင်နိုင်ဦးနှင့် ဒေါ်အေးကြူသိန်း အမည်ပေါက် မြေကွက်(၆)ကွက်အား ဒေါ်ပန်းအိစ(၁)ပန်းအိအိစ [၁၃/တကန(နိုင်)၁၅၁၆၇၉] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၆၊ မြေကွက်အမှတ်–၁၀၁၆၊ မြေကွက်တည်နေရာအမှတ်– ၁၀၁၆၊ ဗိုလ်ထွန်းလင်းလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဒေါ်လှ (AB–၀၃၅၃၇၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဒေါ်လှ မြေကွက်အား အမည်ပေါက် ဒေါ်လှ (ကွယ်လွန်)သမီးဖြစ်သော ဒေါ်စီစီဝင်း၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးသင်းတို့အား(တရားပြိုင်) ထားကာ ဦးကျော်ဖြိုးဝေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်မေလှိင်)မှ (တရားလို) ပြုလုပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားဖြေကြီးမှုအမှတ်–၁၀/၂၀၂၂ အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် မြေနှင့်အိမ်အပါအဝင် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် အနိုင်ဒီကရီချမှတ်လိုက်သည့် (၂၀–၇–၂၀၂၂) ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဆောင်ရွက်အမှတ်–၁၇၂/၂၀၂၂ တို့အရ တရားရုံး၊ ကိုယ်စား တရားရုံး ဘီလစ် ဒေါ်မြသိဒီအောင် [၁၁/စတန(နိုင်)၀၅၅၀၀၉၄]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပတ်စ်ပို့ပျောက်

ကျွန်မ မကောက်ဆီလာ [၁/ဝမန(နိုင်)၁၁၅၅၀၁] ၏ ပတ်စ်ပို့နံပါတ်(MD–761421) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၀၀၀၃၆၂၈၈

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရဲအောင် [၁/မကန(နိုင်)၁၉၄၀၆၇]၏ ပတ်စ်ပို့နံပါတ်(MA–701566) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၇၅၈၁၅၁၀၅

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝမ်ကြီးကွေ [၁/မကန(ပြု) ၀၀၀ ၆၉၂]၏ ပတ်စ်ပို့နံပါတ် (MD–580334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၄၅၅၇၈၈၇

တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၂၉)နေ ဒေါ်သီတာထွေး(ခ)ဒေါ်သီတာမော် [၁/မကန(နိုင်)၀၀၈၄၄၇]သည် တစ်ဦးတည်းဖြစ်ပါသည်။

အမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီးအုပ်စု၊ ကံကြီးကျေးရွာနေ အဖ ဦးသန့်ဇင်အောင်၏သမီး မယွန်းသန့်ဇင်ချို၏ အမည်မှန်မှာ မရှင်းသန့်ချိုဖြစ်ကြောင်း။

မရှင်းသန့်ချို

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း
(၃/၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်နှင့်စက်အရန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ – Gas Detector,
–Air Compressor with Motor Complete Sets

၃။ – X–ray Fluorescence Sulphur Analyzer for Oil/petroleum (ASTM D 4294–03),
– Carbon Molecular Sieves
– Low Voltage Motor Manager(BDM – 100),
– Diaphragm Sealed Capillary Type Pneumatic D/P Flow Transmitter,
– Gas Circuit Breaker,
–Spare Parts for IA Compressor

၄။ – MP Carbonate Solution Pump Complete Set without Motor,
– Process Condensate Pump with Motor Complete Set

၅။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် – ၁၁ –၅–၂၀၂၃

၆။ တင်ဒါတင်သွင်းရမည့်နေ့ရက်များ
- အမှတ်စဉ်(၂) မှ တင်ဒါများ – ၂၅–၅–၂၀၂၃
- အမှတ်စဉ်(၃) မှ တင်ဒါများ – ၁–၆–၂၀၂၃
- အမှတ်စဉ်(၄) မှ တင်ဒါများ – ၈–၆–၂၀၂၃

